# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၀၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတင်းထုတ်ပြန်ချက်**

ယခုလတ်တလောကာလတွင် အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်းသိရှိရပါသည်။ အဆိုပါလူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော ဘဏ်များရှိအပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာ ဖြစ်ကြပါသည်။ အလားတူ အချို့ပုဂ္ဂလိကဘဏ်များတွင် ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း သတင်းများသည်လည်း သတင်းမှားများ ဖြစ်ကြပါသည်။

ဘဏ်များရှိ အပ်ငွေစာရင်းများမှငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူ အပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာသိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်း ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ပေးချေမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး ဘဏ်များတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❍



## ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီပို့ဆောင်ဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်သီလဝါဆိပ်ကမ်းဒေသကြီးရှိ စက်သုံးဆီ Terminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများ ဖြည့်တင်းလျက်ရှိသည်။ (အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal ၊ Max Terminal ၊ MMTM Terminal ၊ Brighter Energy Terminal ၊ PSW Terminal ၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ

*စာမျက်နှာ ၅ ကော်လံ ၁* ❑

**ယနေ့ မာ တိ ကာ**


ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၄ ခုနှစ်) ပြဋ္ဌာန်း — စာ ၃

အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အသိပေးကြေညာချက် — စာ ၇

ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေး — ဆောင်းပါး — စာ ၁၆





# ယာဉ်အန္တရာယ်ကင်းရှင်းရေး လူတိုင်းကိုယ်စီ စည်းကမ်းလိုက်နာ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသည် ယာဉ်နှင့်လမ်းတို့ကို နေ့စဉ် မဖြစ်မနေ အသုံးပြုနေကြရသူများ အန္တရာယ်မကျရောက်စေရေးအတွက် ချမှတ်ထားခြင်းဖြစ်ပြီး မပျက်မကွက် လိုက်နာကျင့်သုံးကြရန်လည်း လိုသည်။ ခေတ်နှင့်အညီ စက်တပ်ယာဉ်များကို ပိုမိုသုံးစွဲလာသည်နှင့်အမျှ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေ ပိုမိုမြင့်မားလျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို လိုက်နာကြမှသာလျှင် ဘေးအန္တရာယ်ဖြစ်ပွားမှု လျှော့ချနိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ ယမန်နှစ် ၂၀၂၂ ခုနှစ်က နိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်တိုက်မှု ၅၆၃၁ မှု ဖြစ်ပွားခဲ့ပြီး လူ ၂၇၉၅ ဦး သေဆုံးကာ ၇၈၅၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ယင်းကိန်းဂဏန်းအချက်အလက်များအရ နိုင်ငံတစ်ဝန်းလုံး၌ ပျမ်းမျှတစ်ရက်လျှင် ယာဉ်တိုက်မှု ၁၅ မှု ဖြစ်ပွားခဲ့ပြီး (၇) ဦး သေ၊ (၂၁) ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်က နိုင်ငံတစ်ဝန်း၌ ယာဉ်တိုက်မှု ၆၄၂၀ ဖြစ်ပွားခဲ့ပြီး လူ ၃၀၅၈ ဦး သေဆုံးကာ ၈၃၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရာ မိမိတို့နိုင်ငံတွင် ယာဉ်အန္တရာယ်ကြီးမားနေခြင်းကို ပြသလျက်ရှိသည်။ ယခုနှစ်တွင်မူ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ယာဉ်တိုက်မှု ၄၀၅၀ မှု ဖြစ်ပွားခဲ့ပြီး လူ ၂၀၆၈ ဦး သေဆုံးကာ ၅၆၅၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်မတော်တဆမှုများသည် မဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ခရီးသည်ပေါ့ဆခြင်း၊ လမ်းအသုံးပြုသူပေါ့ဆခြင်း၊ အနေးယာဉ်များ စည်းကမ်းမဲ့ခြင်း၊ ယာဉ်မောင်းသူမကျွမ်းကျင်ခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ စက်ကိရိယာချွတ်ယွင်းခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ရာသီဥတုမကောင်းခြင်း၊ လမ်းမကောင်းခြင်း စသောအကြောင်းရင်းခံတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ လူကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုက ၉၃ ဒသမ ၆၉ ရာခိုင်နှုန်းအထိရှိရာ လူသည်သာအဓိကဖြစ်ကြောင်း တွေ့နိုင်သည်။ မိမိတို့နိုင်ငံတွင် မြို့ပြရော ကျေးလက်ဒေသများတွင်ပါ မော်တော်ဆိုင်ကယ်အသုံးပြုမှုများလာသည့်အလျောက် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားရသည့် ယာဉ်မတော်တဆမှုများလည်း များပြားလျက်ရှိသည်။ ဆိုင်ကယ်အသုံးပြုသူအများစုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာမှု လွန်စွာအားနည်းလျက်ရှိပြီး အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ လမ်းကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ဆိုင်ကယ်ကို နှစ်ဦးထက်ပို၍စီးခြင်း၊ အချက်ပြမီး၊ နောက်ကြည့်မှန် မပြည့်စုံခြင်း၊ ဆိုင်ကယ်စီးနင်းသူများ အရည်အသွေးအဆင့်မီသည့် ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျ အန္တရာယ်ကင်းအောင်ဆောင်း၍ မောင်းနှင်မှုမပြုခြင်းတို့ကြောင့် အန္တရာယ်ဖြစ်ပွားရခြင်းဖြစ်သည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျော့ပါးရေးတွင် လူသည်သာ အဓိကဖြစ်ပြီး လူတိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို လိုက်နာကြရန် လိုသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဟုဆိုရာတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် အဆိုပါ မတော်တဆမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်ဒဏ်ရာရမှုများနှင့် သေဆုံးမှုများကို လျော့နည်းကျဆင်းသွားစေရန်၊ ထိုမှတစ်ဆင့် လုံးဝကင်းရှင်းသွားစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ရာ ပြည်သူအားလုံးက ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ အဓိကရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို တွက်ချက်မှုအခြေခံနှစ်ဖြစ်သည့် ၂၀၁၉ ခုနှစ် သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးအတွက် ဆောင်ရွက်မှု အောင်မြင်နိုင်ရန် အဓိကတာဝန်ရှိသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူတိုင်းက အလေးအနက် ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

## (၃၁) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အဆိုပါအဖွဲ့အား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦး တို့ လိုက်ပါသွားကြသည်။

(၃၁) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ကာဘိုင်အသင်း၊ ရိုင်ဖယ်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - မန္တလေး၌ Smart Practice Room ဖွင့်လှစ်ခြင်းနှင့် ဟောပြောပွဲပြုလုပ်

**မန္တလေး နိုဝင်ဘာ ၁၆**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် – မန္တလေးနှင့် ကိုရီးယားသမ္မတနိုင်ငံ Seoul National University တို့သည် LUPIC (Leading University Project For International Cooperation) ကို ၂၀၁၉ ခုနှစ်မှ စတင်၍ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ၏ လက်တွေ့သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် လူပုံစံရုပ်တု (Maniken) အခု ၆၀ ပါရှိသော Smart Practice Room ကို နိုဝင်ဘာ ၁၅ ရက်က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် – မန္တလေး၌ ဖွင့်လှစ်သည်။



အဆိုပါအခန်းတွင် ရိုက်ကူးရေးကင်မရာ၊ တီဗွီမော်နီတာ၊ မိုက်ခရိုဖုန်းနှင့် စပီကာများ တပ်ဆင်ထားပြီး ဆရာ ဆရာမများက သရုပ်ပြသည်များကို ကျောင်းသား ကျောင်းသူများက အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုသင်ကြားနိုင်မည်ဖြစ်သည်။ ထို့အပြင် Seoul National University, School of Dentistry, သွားညှိကုပညာဌာနမှ Professor Dr.Sug Joon Ahn သည် သွားညှိကုပညာရပ်တွင် ခေတ်စားလျက်ရှိသော Invisalign နှင့်ပတ်သက်၍ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများကို ဟောပြောပို့ချကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများ ရိတ်သိမ်း

**မိုးညို နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူဆောင်ရွက်သည့် ငွေပဒေသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ စိုက်ဧက ၁၁၄ ဧက၊ သာယာမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ စိုက်ဧက ၁၇၅ ဧက၊ မိုးသီတာ လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ စိုက်ဧက ၁၁၁ ဧကတို့ပေါ်တွင် မနောသုခမျိုးစပါးများ စိုက်ပျိုးခဲ့ရာ ယခုစပါးရိတ်သိမ်းချိန်၌ တစ်ဧကလျှင် ပျမ်းမျှ တင်း ၈၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD D1 အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် NCX Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuyaung Honda အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၆ / ၂၀၂၃)**
**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်**
**(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ထ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာ အချက်အလက်များကို ကြီးကြပ်စောင့်ကြည့် စီမံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးသည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင် ကိုးဦးထက်မပိုသော ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကို ဆိုသည်။ "

၃။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၇ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူကို ကောင်စီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရမည်-"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ အောက်ပါပုဂ္ဂိုလ်များကို ကောင်စီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်း မပြုရ-"

၅။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၆။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ အခန်း (၄) တွင် ပါရှိသော ပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် အခန်း(၅) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မိတ္ထီလာခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွှေတောင်တော်ပေါ်၌ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ပဥ္စမမြောက် စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်လျက်ရှိသည့် တောင်တက်မြေသားလမ်း လေးမိုင်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။





**ကြည့်ရှုစစ်ဆေး**

ထို့နောက် စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေး၍ ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆရာတော်များထံ လျှောက်ထားပြီး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာအုပ်စု ရွာရှည်ကျေးရွာ ရေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ထားရှိသော ထရန်စဖော်မာနှင့် ရေတင်မော်တာများ တပ်ဆင်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများနှင့် မြေသားရေကန်များအတွင်း ရေဖြည့်တင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ခရိုင်ကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယာဉ်/ယန္တရားများကြံ့ခိုင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ရုံးဝင်းအတွင်း ယာဉ်/ယန္တရားများနှင့် ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက် ရှိပါသည်။ ဘဏ်များ၏ Customer များကလည်း ပုံမှန်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဘဏ်များထံမှ ရယူဆောင်ရွက်လျက်ရှိကြပါသည်။

ဤကဲ့သို့ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများ ဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(၁၆-၁၁-၂၀၂၃)

# လယ်ဝေးမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး တောင်သူတွေ့ဆုံပွဲကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး တောင်သူတွေ့ဆုံပွဲကို နိုဝင်ဘာ ၁၄ ရက်က သစ်တောကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုက အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောဝင်းက ၂၀၂၃ - ၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးမည့် အစီအစဉ်၊ စည်းရုံးဆောင်ရွက်ထားရှိမှုနှင့် တစ်ဧကအတွက် သွင်းအားစု ပံ့ပိုးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်က တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေသခံတောင်သူများက ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် လိုအပ်ချက်များကို တင်ပြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



လယ်ဝေးမြို့နယ်အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းဆီထွက်သီးနှံများအား ကျေးရွာအုပ်စု ၁၀ အုပ်စု၌ တောင်သူ ၆၇၂ ဦး၏ လယ်ယာမြေဧက ၃၂၁၀ တွင် စိုက်ပျိုးမည်ဖြစ်ပြီး သွင်းအားစုများကိုလည်း ၈၀ ရာခိုင်နှုန်း ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# (၇၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၁၆**

လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ရည်ရွယ်ပြီး (၇၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ဒီဇင်ဘာ ၂၀ မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာ မိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စိတ်ဝင်စားဖွယ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက် လေ့လာစရာပွဲတော်တစ်ခုဖြစ်အောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပွဲတော်မှပြန်သွားပါက ပျော်ရွှင်မှုနှင့်အတူ နိုင်ငံအတွက်တန်ဖိုးရှိမည့် အတွေးတစ်စ သို့မဟုတ် အသိအမြင်တစ်ခုခုတိုးပွားအောင် လေ့လာစရာအစီအစဉ်များကို စိတ်ဝင်စားဖွယ် စီမံဆောင်ရွက်သွားစေလိုပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် လူငယ်ကဏ္ဍကို အလေးထားပြီး ယခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူများ လေ့လာနိုင်သည့် ပြခန်း၊ ပြကွက်များ ပါဝင်အောင် ဆောင်ရွက်သွားရန် ဖြစ်ပြီး ဖျော်ဖြေမှု Entertainment နှင့်အတူ စိတ်ဝင်စားဖွယ် အစီအစဉ်များကို ဖန်တီးဖော်ဆောင်ကြစေလိုပါကြောင်း၊ ပွဲတော်ကို သုံးရက်ကြာ ကျင်းပရန် လျာထားပြီး ဝန်ကြီးဌာန ၁၃ ခု ပါဝင်ခင်းကျင်းပြသမည်ဖြစ်ကာ တိုင်းရင်းသားရိုးရာ အစားအစာများ ခင်းကျင်းရောင်းချသည့် အစီအစဉ်လည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ယခင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် လူငယ်နှင့် စာပေပွဲတော်များ ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများရှိပြီးဖြစ်၍ ယခုနှစ်ကျင်းပမည့် တတိယအကြိမ်ပွဲတော်တွင် ယခင်နှစ်များကထက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည့် ပြခန်း၊ ပြကွက်များကို ခင်းကျင်းပြသစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်များ၏ အတွေးအခေါ် အယူအဆမှန်ကန်အောင်၊ အရည်အသွေး အရည်အချင်း ပြည့်ဝအောင် လူငယ်ကဏ္ဍနှင့်ဆက်စပ်၍ ဆောင်ရွက်မှုများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နှစ်ကြိမ်ကျင်းပခဲ့သကဲ့သို့ ယခုနှစ် လူငယ်နှင့် စာပေပွဲတော်ကိုလည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ပါကခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင် ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လူငယ်များအတွက် ကြိုးစားဆောင်ရွက်နေခြင်းဖြစ်၍ အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်အောင် မိမိတို့အနေဖြင့် လိုအပ်သည်များကို အစွမ်းကုန်ပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပြခန်းများ ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဒေါက်တာ မိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးတို့က လူငယ်နှင့် စာပေအနုပညာ ပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ခတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ် ကျေးလက်ဒေသအလှအပများကိုသိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး၊ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများ ခင်းကျင်း ပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၃ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုပြပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ဆဋ္ဌမအကြိမ်မြောက်ကျင်းပခဲ့သည့်ပွဲဖြစ်ပြီး ပုလဲအတွဲ ၃၀၀၊ ကျောက်မျက်အတွဲ ၇၃ တွဲ၊ အုပ်စုအေနှင့် ဘီ ကျောက်စိမ်းအတွဲ ၁၉၂၆ တွဲ နှင့် အုပ်စုစီ မှ ကျောက်စိမ်းအတွဲ ၁၇၇၈ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၇၀၄ တွဲကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီးကာလများအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပြပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ကျောက်စိမ်းအတွဲများကိုလည်း သတ်မှတ်ရောင်းချခဲ့ပါကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများကို ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး (ဝဲပုံ) ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ၂၀၂၃ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆပ်ပြာရည်ထုတ်လုပ်ခြင်းသင်တန်း၊ Bakery မုန့်ပြုလုပ်နည်း သင်တန်းဆင်းပွဲနှင့် ထူးချွန်သူများ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဆပ်ပြာရည်ထုတ်လုပ်ခြင်း သင်တန်း၊ Bakery မုန့်ပြုလုပ်နည်း သင်တန်းဆင်းပွဲနှင့် ထူးချွန်သူများ လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီမံကိန်းကော်မတီဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုလယ်ဝေးမြို့နယ် မြို့ကုန်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် စားသောက်ကုန်သင်တန်းအတွက် သင်တန်းသားတစ်ဦးလျှင်ငွေကျပ် ၁၂ ဒသမ ၅၁၅၂ သိန်းကျော်နှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်း စုစုပေါင်း ငွေကျပ် ၆၂ ဒသမ ၅၇၆ သိန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အလားတူ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာတွင် ဖွင့်လှစ်သည့် လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းအတွက် သင်တန်းသား တစ်ဦးလျှင် ငွေကျပ် ၁၂ ဒသမ ၃၇၈ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်း စုစုပေါင်းငွေကျပ် ၆၁ ဒသမ ၈၉ သိန်းတန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုသင်တန်းမှ လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုခွင့်ရရှိသည့် ထူးချွန်သူ သင်တန်းသားများနေဖြင့် ရရှိသည့် အခွင့်အရေးကို အကျိုးရှိရှိ အသုံးချပြီး ကိုယ်ပိုင်လုပ်ငန်းငယ်များထူထောင်ကာ အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ပေါ်စေရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းသူများအနက်မှ လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန စားရိပ်သာများတွင် ဝန်ထမ်းများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအရောင်းဆိုင် ၁၈၇ ဆိုင်သို့ ဆီသယ်ယာဉ် ၃၆၇ စီးဖြင့် 92 Ron ဂါလန် (၄ သိန်းကျော်)၊ 95 Ron ဂါလန် (၂သိန်း ၄ သောင်းကျော်)၊ ဒီဇယ်ဆီ ဂါလန် (၃ သိန်း၂ သောင်းကျော်)၊ ပရီမီယမ် ဒီဇယ်ဆီ ဂါလန်(၃ သိန်း ၅ သောင်းကျော်) ကို လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီ အရောင်းဆိုင် ၂၁၇၈ ဆိုင်သို့ ဆီသယ်ယာဉ် ၉၂၈ စီးဖြင့် 92 Ron ဂါလန် (၁ သန်း ၂ သိန်းကျော်)၊ 95Ron ဂါလန်(၂ သိန်း ၅ သောင်းကျော်)၊ ဒီဇယ်ဆီ ဂါလန် (၇ သိန်းကျော်)၊ ပရီမီယမ် ဒီဇယ်ဆီ ဂါလန် (၁၀ သိန်းကျော်) ကိုလည်းကောင်း နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီ လာရောက်ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး အများပြည်သူများမှ စက်သုံးဆီများကို အမျိုးအစားအလိုက် လိုအပ်သလို အဆင်ပြေချောမွေ့စွာ ဝယ်ယူ သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီ Terminal များတွင် ဆီတင်ယာဉ် Bowser များ ဆီဖြည့်စဉ်။















---

# မြဝတီကုန်တင်ကုန်ချကော်မတီရုံး ဝန်ထမ်းမိသားစုများ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**မြဝတီ နိုဝင်ဘာ ၁၆**

ကရင်ပြည်နယ် အစိုးရအဖွဲ့ အုပ်ချုပ်မှုလက်အောက်ရှိ မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ အမျိုးသားအဆင့် ကျန်းမာရေး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမအကြိမ် ထိုးနှံပေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား (Cargo) ဘက်ခြမ်း၌ ဆောင်ရွက်သည်။

ထိုသို့ထိုးနှံပေးရာ မြို့နယ်ဆရာဝန် ဒေါက်တာ မျိုးသန့်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၂) ချစ်ကြည်ရေး တံတားနှင့် ကုန်သွယ်ရေးဇုန်တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းမိသားစု ၁၉၀ တို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးသည်။

ထိုသို့ ထိုးနှံပေးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ် ဦးစီးဌာနမှူး ဦးနိုင်စိုးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ၂၀၂၃ ခုနှစ် ရပ်ဝန်းနှင့် ပိုးလမ်းမ ဘေးအန္တရာယ်လျှော့ချရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၃ ခုနှစ် ရပ်ဝန်းနှင့် ပိုးလမ်းမ ဘေးအန္တရာယ်လျှော့ချရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (The 2023 Belt and Road Ministerial Forum for International Cooperation in Disaster Risk Reduction and Emergency Management)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်၍ Online မှတစ်ဆင့် ယနေ့တွင် ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံ ၇၉ နိုင်ငံတို့မှ သဘာဝဘေးအန္တရာယ်လျော့ကျရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ အရေးပေါ်ကယ်ဆယ်ရေးတို့နှင့် သက်ဆိုင်သည့် တာဝန်ရှိဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖိုရမ်ဖွင့်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ သဘာဝဘေးအန္တရာယ်များသည် မိမိတို့၏ လူမှုအသိုက်အဝန်းများအပေါ် သိသာထင်ရှားသည့် ခြိမ်းခြောက်မှုများအဖြစ် များပြားလှသော အသက်ဆုံးရှုံးမှုများ၊ အခြေခံအဆောက်အအုံများကို ပျက်စီးစေမှုများနှင့် လူမှုအသိုက်အဝန်းဖွဲ့စည်းပုံအား အနှောင့်အယှက်ဖြစ်စေမှုတို့ကို ဖြစ်ပေါ်စေကြောင်း။




ပူးပေါင်းဆောင်ရွက်ခြင်းသည် ထိရောက်သော အရေးပေါ်စီမံခန့်ခွဲမှု၏ အဓိကအချက်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ပေါ်လာသည့် ရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိက ကဏ္ဍများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဘက်ပေါင်းစုံအရေးပေါ်ကူညီကယ်ဆယ်ရေးစီမံချက်များ ရေးဆွဲခြင်းနှင့် အကောင်းဆုံးအလေ့အထများကို မျှဝေခြင်းများဖြင့် အထိရောက်ဆုံး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီးကြောင်း။

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အနေဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ အလုံးစုံချဉ်းကပ်မှုကို မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူများ (stakeholders) အားလုံးနှင့် တက်တက်ကြွကြွ ထိတွေ့ဆက်ဆံသွားမည်ဖြစ်ပြီး ခိုင်မာသော ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ ကြုံတွေ့လာနိုင်မည့် အန္တရာယ်များလျော့ပါးစေရေး အဆင့်မြင့်နည်းပညာများကို လက်ခံကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

“ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးသည်သာပထမ” ဆိုသည့် နိယာမကို လက်ကိုင်ထားခြင်းအားဖြင့် အနာဂတ်၏ စိန်ခေါ်မှုများကို ကောင်းမွန်စွာရင်ဆိုင်နိုင်သည့် ခံနိုင်ရည်ရှိသော အသိုက်အဝန်းများတည်ဆောက်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ အရေးပေါ်စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေး၊ မိမိတို့နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်များအား လုံခြုံစိတ်ချစေရေးတို့အတွက် စုစည်းလုပ်ဆောင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

အဆိုပါ ဖိုရမ်အခမ်းအနားကို ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ပထမကောင်စီအစည်းအဝေး (First Council Meeting)ဟူ၍ အပိုင်း(၃)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအပါအဝင် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သက်တမ်းတိုစပါးမျိုးများ မျိုးရွေးချယ်ခြင်း တောင်သူလယ်သမားကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော အထွက်ကောင်းစပါးမျိုးများ မျိုးရွေးချယ်ခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးသည်။



စိုက်ပျိုးရေးသုတေသန ဦးစီးဌာနက မွေးမြူထုတ်လုပ်သည့် ရွှေသွယ်ရင်၊ ရွှေရီတိုး၊ ရက်-၉၀ သက်တမ်းတို စပါးမျိုးများကို တဲကြီးကုန်းကျေးရွာ တောင်သူစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူစမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး မျိုးစေ့ချသည်မှ ပင်ပွားထွက်ချိန်၊ အနှံထွက်ချိန်နှင့် ရေသွင်း ရေထုတ်လုပ်ငန်းများ အပါအဝင်စပါးပင်၏ သက်တမ်းတစ်လျှောက်အား စောင့်ကြည့်မှတ်တမ်းကောက်ယူပြီး မရိတ်သိမ်းမီကာလတွင် ယခုကဲ့သို့ တောင်သူများကိုယ်တိုင် မိမိတို့နှစ်သက်သည့်မျိုးကိုရွေးချယ်၍ မဲပေးစေသည့်စနစ်ဖြင့် မျိုးတစ်ခုချင်း၏ တောင်သူအကြိုက် ညွှန်းကိန်းကို ကောက်ယူခြင်းဖြစ်ကြောင်း၊ ကိန်းဂဏန်းသာမက စပါးမျိုးများ၏ အရည်အချင်း လက္ခဏာအပေါ် တောင်သူ၏ ရွေးချယ်ချယ်မှု အကြောင်းပြချက် မှတ်ချက်များကိုပါ မှတ်တမ်းတင်စာရင်းပြုစုသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများသည် တောင်သူဦးကျော်၏ လယ်မြေတွင် စိုက်ပျိုးထားသော ပြည့်ဝဆင်းကေရီ-၃ နှင့် ပခန်းရွှေဝါ မိဘမျိုး (၃)မျိုးစပ် မွေးမြူထားသည့် သားဆက်လိုင်းများ ရွေးချယ်ခြင်းစိုက်ကွင်း၊ ရောမင်းနှင့် ပြည့်ဝစပါးမျိုး စပ်မွေးမြူထားသည့် သားဆက်လိုင်းများ ရွေးချယ်ခြင်းစိုက်ကွင်း၊ တောင်သူဦးမျိုးဝင်း၏ လယ်မြေ၌ မိုးစပါးတွင် နှမ်းရိုးဆွေး လက်တွေ့အသုံးပြုနည်း စမ်းသပ်ကွက်တို့ကို ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ယခုကဲ့သို့ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော စပါးမျိုး ရွေးချယ်ခြင်းသည် တောင်သူ့စိတ်ကြိုက် စပါးမျိုးများနှင့် ယင်းတို့၏ သတင်းအချက်အလက်များကို လျင်မြန်ထိရောက်စွာ သိရှိနိုင်ရန်နှင့် တောင်သူကိုယ်တိုင် စပါးမျိုးသန့်မျိုးထုတ်စိုက်ပျိုးနိုင်သည့် အဆင့်အထိ ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒက္ခိဏသီရိမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်း လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း တတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် MEVM စက်ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွာမကျေးရွာအုပ်စု ချိုင်းကျေးရွာအုပ်စုနှင့် ရန်အောင်မြင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက MEVM စက်တည်ဆောက်ပုံအကြောင်းအရာများ၊ အသုံးပြုပုံနည်းလမ်းများ၊ စက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြပြီး အခြားသော စိတ်ပါဝင်စားသူ မဲဆန္ဒရှင်ပြည်သူများသည်လည်း ရုံးချိန်အတွင်း မဲပေးစက်ဖြင့် ဝင်ရောက်ဆန္ဒပြုစမ်းသပ်မဲ ပေးခဲ့ကြသည်။



စမ်းသပ်မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများသည် မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်မမှန် စိစစ်ခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ စိတ်ကျေနပ်မှု ရရှိသည်အထိ ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းငွေဖြင့် ဒေသဝမ်းစာဖူလုံရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**ပူတာအို နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် နိုဝင်ဘာ ၁၃ ရက်က မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ဈေးဖွင့်လှစ်ရောင်းချနေမှုကြည့်ရှု**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏အစီ အမံဖြင့် ဒေသပြည်သူများအား ပြင်ပပေါက်ဈေးထက် ပိုမိုချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးသော သက်သာဈေးဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်း/ ဈေးဝယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် မချမ်းဘောမြို့နယ် ထဝါဒမ်းကျေးရွာရှိ နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၆၀ ဖြင့် တောင်သူဦးဆလွတ်ထဒီးတန်၏ နေအိမ်ဝင်းအတွင်း ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ယော့ရကန်သမဝါယမအသင်းစုပိုင် ဒေသဝက်နှင့် အသားတိုးဝက်ကောင်ရေ ၄၀ ခန့်မွေးမြူထားရှိမှု တို့ကိုကြည့်ရှုစစ်ဆေးကာ ဈေးကွက်ရရှိမှုအခြေအနေ များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ယင်းနောက် မချမ်းဘောမြို့နယ်အတွင်း ကောင်းမှုလုံ-မန်နို-ပန်ဆပ်-ထုံဒမ်း-ဆထားလမ် အတိုင်း နမ်ဘူယန်ကျေးရွာနှင့် ဇော်ကန်ကျေးရွာ



ကြားရှိနမ်ကတောက်ချောင်းကူးတံတား တည်ဆောက် ရေးစီမံကိန်းသို့ သွားရောက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာ ရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၅၂၇ ဒသမ ၀၁၆ သန်းဖြင့် ကျေးလက်လမ်းဦးစီးဌာနမှ ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် နမ်ကတောက်ချောင်းကူး တံတားစီမံကိန်းနှင့် အဆိုပါလမ်းပိုင်း ၂၁ မိုင်အတွင်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသည့်လမ်း လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ ၏ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တံတားကမ်းကပ်ခုံတည်ဆောက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

**စိုက်ပျိုးရေ ပြည့်မီစွာရရှိရေး**

ယင်းနောက် အင်ဘူးဘော့ကျေးရွာသို့ သွားရောက် ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၁၅ သိန်း ဖြင့် တောင်သူ ဦးဒီးယိုဆဲ၏ နှစ်ရှည်သီးနှံ ဂရိတ်ဖရု သီးခြံ ၃ ဒသမ ၅၀ ကေသို့ သွားရောက်ပြီး ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာ အတွင်း စိုက်ပျိုးမြေကေ ၇၂ ကေ၊ အိမ်ခြေ ၆၅ အိမ် အား အကျိုးဖြစ်ထွန်းစေရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သွားမည့် ကုန်ထုတ်လမ်းအရှည်ပေ ၅၀၀၀ လုပ်ငန်းစီမံကိန်းနှင့် ခြံစိုက်တောင်သူများအတွက် စိုက်ပျိုးရေလိုအပ်ချက် ပြည့်မီစွာရရှိရေး ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ အဆိုပါခြံနှင့် တောင်သူ ဦးအင်ထပ်တူးဂျာတို့၏ ဂရိတ်ဖရုခြံတို့ကို လှည့်လည်ကြည့်ရှုသည်။

**ဈေးကွက်ဝင်ပစ္စည်းများရောင်းချနိုင်ရန်**

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူ များသည် မချမ်းဘောမြို့ ရပ်ကွက် (၃)အတွင်း နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၁၀ သိန်း မတည်ပံ့ပိုး ချေးငွေဖြင့် တောင်သူဦးမိုးအောင်၏ ငါးကန် (၄)မှ မွေးမြူထားသော ငါးများအား ပိုက်ဆွဲဖော်ထုတ် ရောင်းချနေမှုအခြေအနေများကို လည်းကောင်း၊ အလားတူ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ဦးအကူး ဒီခွမ်၏နေအိမ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် သိန်း၂၀ ဖြင့် နှစ်ရှည်သီးပင်ခြံလုပ်ငန်းနှင့် ငါးမွေးမြူ ရေးကန်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး နည်းပညာပံ့ပိုးမှုများဖြင့် ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွား ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

**ခေတ်မီစံပြကျေးရွာစီမံကိန်း**

ထိုမှတစ်ဆင့် မူလာအွန်ကျေးရွာအား ခေတ်မီ စံပြကျေးရွာ Smart Village ထူထောင်ရေးစီမံကိန်း နှင့် ကျေးရွာစာကြည့်တိုက်ရန်ပုံငွေ လွှဲပြောင်း ပေးအပ်ပွဲသို့ တက်ရောက်ပြီး မြို့နယ်ဦးစီးမှူးက ခေတ်မီစံပြကျေးရွာ စီမံကိန်းထူထောင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာစီမံ ကိန်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌထံ လည်းကောင်း၊ သမ ဝါယမဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ဝယ်ယူပံ့ပိုး ပေးခဲ့သည့် လယ်ထွန်စက်တစ်စီးကို ကျေးရွာသမ ဝါယမအသင်းဥက္ကဋ္ဌထံ လည်းကောင်း ထောက်ပံ့ ပေးအပ်ကာ ဒေသခံများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်ချက်များတင်ပြမှုအပေါ် ဖြေရှင်း ဆောင်ရွက်ပေးပြီး ၂၀၂၃ - ၂၀၂၄ ပြည်နယ် ရန်ပုံငွေ ဖြင့် ဝယ်ယူထောက်ပံ့ပေးသည့်လယ်ထွန်စက်ကို ကြည့်ရှုသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ဇီးအွန်ကျေးရွာ ပလနကွင်းစိုက်ပျိုး ရေရရှိရေး မူလာချောင်းမှတစ်ဆင့် မြစ်ရေစီမံကိန်း ဖြင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လည်းကောင်း၊ ပန်းလှိုင်ကျေးရွာအတွင်း ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး မြေထိန်းနံရံတည်ဆောက်ပေး နိုင်ရေးအတွက်လည်းကောင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ပန်းလှိုင်ရပ်ကွက်အတွင်းရှိ နေအိမ်ခြံဝင်း အတွင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

---

## အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့ အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဍာန် ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဍာန်အားဖြင့်သော်လည်းကောင်း၊ အခြား နည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင် သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားရှိ ပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိ သည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါစည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅) စောင် ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

---

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အစီအမံများရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနကကြီးမှူး၍ကမ္ဘာ့ကျန်းမာရေး အဖွဲ့အထောက်အပံ့ဖြင့် ပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ အားလုံးပါဝင်၍ ကျန်းမာရေး လူ့စွမ်းအားအရင်း အမြစ်အခြေအနေများကိုပြန်လည် သုံးသပ်ပြီး အနာဂတ်အစီအမံများ ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန် နေ့က ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပရာ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း တက်ရောက်အမှာ စကားပြောကြားသည်။




**အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း အမှာစကားပြောကြားစဉ်။**

အလုပ်ရုံဆွေးနွေးပွဲသို့ကျန်းမာ ရေးဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီး ဌာနများမှ တာဝန်ရှိသူများ၊ ကျန်းမာရေး လူ့စွမ်းအားအရင်း အမြစ်နယ်ပယ်မှ ဆရာဝန်များနှင့် အရာထမ်းများ၊ ဆေးတက္ကသိုလ် များ၊ ဆေးနှီးနွှယ်တက္ကသိုလ်များ နှင့် သူနာပြုသင်တန်းကျောင်း များမှ ဆရာဝန်များ၊ သွားဘက် ဆိုင်ရာဆရာဝန်များ၊ သူနာပြုများ နှင့် တိုင်းရင်းဆေးပညာရှင် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြ သည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင် ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်၏ အမျိုးသားကျန်းမာ ရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် အရေးကြီးသောကျန်းမာရေး လူ့ စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်ရှိ အခြေအနေ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ် ဆွေးနွေးပြီး အမျိုးသားကျန်းမာ ရေး လူ့စွမ်းအားအရင်းအမြစ် မူဝါဒနှင့် လိုက်လျောညီထွေရှိ သော အနာဂတ်အစီအမံများ ချမှတ်နိုင်ရေးအတွက် ဆွေးနွေး ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံဘက်မှ Online လိမ်လည်မှုများနှင့် ဖမ်းဝရမ်းထုတ်ပြန်ထားသူ သုံးဦးအား ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့မှုအခြေအနေ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခိုင်ပြည်နယ် ပေါက်တောမြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်နိုင်ငံဘက်က အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး ဖမ်းဆီးဖို့ ဝရမ်းထုတ်ပြန်ထားတဲ့ မြီရှောက်ချန်း ဦးစီးလေးယောက်၊ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း တရုတ်နိုင်ငံက ဖမ်းဆီးဖို့အတွက် ထုတ်ပြန်ပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ တရားဝင် ဖမ်းဝရမ်းထုတ်ဆင့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလေးယောက်အထဲမှာမှ ဒီနေ့လောက်ကိုင်မှာပဲ မြီရှောက်ချန်း၊ မြီကော်ဖျင်း၊ မြီကျိန်းကျိန်းတို့ကို မြန်မာ့တပ်မတော်အနေနဲ့ ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးတဲ့အချိန်မှာတော့ မြီရှောက်ချန်းသည် တရားမဝင်ကိုင်ဆောင်ထားတဲ့ ပွိုင့် ၂၂ သေနတ်နဲ့ သူ့ခေါင်းကိုသူပစ်ပြီးတော့ ဆူဆိုက်လုပ်ခဲ့တယ်။ အဲဒီအတွက် လောက်ကိုင်မှာရှိတဲ့ဆေးရုံမှာ ဆေးကုသမှုခံယူစေခဲ့တယ်။ သို့သော် အသက်ရှင်မှုမရှိခဲ့ဘူး။ အဲဒီ မြီရှောက်ချန်းရဲ့အလောင်းရယ်၊ ပြီးရင်မြီကော်ဖျင်း၊ မြီကျိန်းကျိန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲတပ်ဖွဲ့နဲ့ မြန်မာနိုင်ငံအထူးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ ရန်လုံကျိုင်းဂိတ်မှာ ဒီနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီလောက်မှာ အောင်မြင်စွာလွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်တဲ့နေရာမှာ အမှန်တကယ်အလေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ထပ်မံပြီးတွေ့ရတာတော့ မဟုတ်မမှန် ဝါဒဖြန့်မှုတစ်ခုကိုလည်း တွေ့ခဲ့ရပါတယ်။ ဒီမဟုတ်မမှန်ဝါဒဖြန့်မှုအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေမှာ ဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန်လည်းပါဝင်တယ်။ တရုတ်နိုင်ငံက ဖမ်းဝရမ်းထုတ်တယ်ဆိုပြီးတော့ လိမ်လည်မှုဖြစ်ပါတယ်။ ဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန်ကို တရုတ်နိုင်ငံနဲ့ ဆက်သွယ်ကြည့်တဲ့အခါမှာ ဖမ်းဝရမ်းထုတ်ထားတာလည်းမရှိပါဘူး။ သူ့အနေနဲ့ ပြစ်မှုတွေမှာ ပါဝင်ပတ်သက်ခြင်းမရှိဘူးဆိုတာလည်း သိရပါတယ်။ ဒီဇာစ်မြစ်တွေကို လိုက်ကြည့်တဲ့အခါမှာ တစ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ MNDAA အဖွဲ့က လုပ်တယ်ဆိုတာသိရပါတယ်။ ကျွန်တော်ပြောခဲ့သလိုပါပဲ၊ ဒီဟာတွေသည် ယခင်တုန်းက ကျွန်တော်ပြောခဲ့ဖူးတယ်၊ ကိုးကန့်ဒေသမှာ ဖြစ်နေတဲ့ဟာတွေ၊ ကျန်တဲ့ဟာတွေသည် အကြောင်းပြချက်တွေသာဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုကို တိုက်ဖျက်တယ်တို့၊ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးဆိုတာ လိမ်လည်မှုတစ်ခုပဲဖြစ်တယ်။ သူတို့တကယ်လုပ်နေတာက ကျွန်တော်ပြောခဲ့သလို ဖုန်–ရန် အရေးခင်း၊ ဖုန်ကြားရှင်နဲ့ ရန်မိုးလျန်တို့ကြားထဲက၊ မိသားစုနှစ်ခုကြားထဲက အာဏာလုပွဲတွေ၊ အခုမှာလည်း ယခင်တုန်းက ကိုးကန့်ဒေသအုပ်ချုပ်ရေးမှာပါဝင်ခဲ့ဖူးတဲ့၊ ခေါင်းဆောင်လုပ်ခဲ့ဖူးတဲ့ ဦးပယ်စောက်ချိန်တို့အဖွဲ့နဲ့ မိသားစုချင်း ရန်ငြိုးရန်စတွေပဲ ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးတော့ပြောချင်တာကတော့ MNDAA နဲ့ သူတို့မဟာမိတ်ဆိုတဲ့အဖွဲ့တွေဟာ ဒီကိစ္စကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာ နယ်မြေမငြိမ်မသက်ဖြစ်အောင်လုပ်ရုံသာမကဘဲနဲ့ ဒီကိစ္စမလုပ်ခင်မှာလည်း သုံးသပ်ရမယ်ဆိုရင် တရုတ်နိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံအစိုးရရဲ့ ခုနပြောတဲ့ အွန်လိုင်းလိမ်လည်မှုကို ချေမှုန်းဖို့အတွက် ခိုင်မာစွာသန္နိဋ္ဌာန်ချထားတာကို လိမ္မာပါးနပ်စွာ အသုံးချသွားတာပဲဖြစ်တယ်။ တရုတ်နိုင်ငံအစိုးရရဲ့ တရုတ်ပြည်သူတွေအပေါ်မှာ အလေးထားတဲ့၊ တရုတ်ပြည်သူတွေရဲ့ ရိုးသားပွင့်လင်းတဲ့ အွန်လိုင်းလိမ်လည်မှုအပေါ်မှာ ချေမှုန်းဖို့သန္နိဋ္ဌာန်ချထားတဲ့ကိစ္စကို သူတို့အဖွဲ့အစည်းအကျိုး၊ MNDAA အဖွဲ့အစည်းအကျိုးအတွက် အကွက်ချပြီးတော့အသုံးချသွားတာဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ တရုတ်နိုင်ငံအစိုးရနဲ့ ပြည်သူလူထုရဲ့ စိတ်ပိုင်းဆိုင်ရာခံစားချက်ကို ဒီကောင်တွေအနေနဲ့ ပြန်ပေးဆွဲအသုံးချတယ်လို့ပဲမြင်လို့ရတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရသည် နှစ်နိုင်ငံတာဝန်ရှိသူများ အကြိမ်ကြိမ်တွေ့ဆုံပြီးဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုနဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့သလိုပဲ တရုတ်ပြည်သူတွေချည်းပဲ နစ်နာတာမဟုတ်ဘူး။ မြန်မာနိုင်ငံ ပြည်သူတွေပါ နစ်နာတာဖြစ်တယ်။ ဒါ့အပြင် ပါဝင်ပတ်သက်နေတဲ့ တချို့သောအိမ်နီးနားချင်းနိုင်ငံက ပြည်သူတွေပါ နစ်နာခဲ့တာဖြစ်ပါတယ်။ ဒီနစ်နာမှုတွေဟာ တရုတ်နိုင်ငံအစိုးရကလုပ်တာလည်း မဟုတ်ဘူး၊ မြန်မာနိုင်ငံအစိုးရကလည်း လုပ်တာမဟုတ်ဘူး။ တရုတ်ပြည်သူတွေလုပ်တာမဟုတ်သလို မြန်မာနိုင်ငံပြည်သူတွေ လုပ်နေတာလည်းမဟုတ်ဘူး။ တရားခံစစ်စစ်တွေသည် တရုတ်နိုင်ငံနဲ့ အခြားသောနိုင်ငံတွေက ရာဇဝတ်မှု၊ လိမ်လည်မှုတွေနဲ့ ထွက်ပြေးနေတဲ့ ပြည်ပြေးတွေက လက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ပူးပေါင်းပြီး တရုတ်ပြည်သူတွေရော၊ မြန်မာပြည်သူတွေရောကို လိမ်လည်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောချင်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံဘက်ကနေပြီး သတင်းပေးပို့ထားတဲ့ နှိမ်နင်းရမယ့်နေရာတွေ ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အနေနဲ့ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။



ဒါ့အပြင် ဒီနေ့မှာ နေပြည်တော်မှာရှိတဲ့ဝန်ကြီးဌာနတွေမှာ လုံခြုံရေးအဖွဲ့တွေ ဖွဲ့စည်းနေတယ်ဆိုတဲ့ဟာမျိုးတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေဖွဲ့စည်းနေတယ်ဆိုတဲ့ ဟာမျိုးတွေ ထွက်လာတာရှိပါတယ်။ ဒါဟာ အချိန်ကိုက်ဝါဒဖြန့်မှုသာဖြစ်တယ်။ နေပြည်တော်မှာ ဘယ်လိုမျိုးရှိနေတယ်ဆိုတာ နေပြည်တော်မှာရှိနေတဲ့ လူတွေအားလုံးကို မေးမြန်းစုံစမ်းလို့ရတယ်။ ဒီမှာဌာနဆိုင်ရာတွေလည်း သူ့လုပ်ငန်းကိုသူ အရှိန်မပျက်လုပ်ဆောင်နေတယ်။ ပြည်သူလူထုလည်း သူ့လုပ်ငန်းကို အရှိန်မပျက်လုပ်ဆောင်နေတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးပြကြီးအများစုမှာလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ မတည်ငြိမ်သေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီးက အချို့မြို့နယ်တွေ၊ ရခိုင်ပြည်နယ်အချို့မြို့နယ်တွေ၊ ချင်းပြည်နယ်ထဲက အချို့မြို့နယ်တွေမှာပဲ ဒါတွေရှိတယ်၊ လုံခြုံရေးအရ ဆောင်ရွက်နေရတာရှိတယ်လို့ ပြောချင်ပါတယ်။

ဒီနေ့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာ နမ့်ခမ်း၊ တာမိုးညဲနဲ့ ဟိုပန်ဘက်မှာ MNDAA/TNLA အဖွဲ့တွေက လုံခြုံရေးတပ်စခန်းတွေကို Drop Bomb များ လာချတာတွေရှိပါတယ်။ လောက်ကိုင်နားလေးမှာ ချင်းရွှေဟော်ဘက်အထွက်မှာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီအပြန်အလှန်ပစ်ခတ်မှုသည် ခုနပြောတဲ့ မြီရှောက်ချန်းတို့ တရားခံသုံးဦးကို တရုတ်နိုင်ငံဘက် မလွှဲပြောင်းခင်လေးမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ လွိုင်ကော်မှာတော့ အကျဉ်းထောင်နားလေးမှာ တိုက်ပွဲဖြစ်ပွားခဲ့တာရှိတယ်။ ရန်သူအကျအဆုံးရှိစွာနဲ့ ပြန်လည်ဆုတ်ခွာသွားတယ်။ မိုးဗြဲနဲ့ ဒီမောဆိုဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ရခိုင်ပြည်နယ်မှာတော့ ဒုံးညိုရဲစခန်း၊ ဒုံးညိုရဲစခန်းကတော့ မြန်မာ–ဘင်္ဂလားဒေ့ရှ်နယ်ခြားမှတ်တိုင် ဘီပီ–၄၆ ရဲ့အရှေ့ဘက် ခမောင်းဆိပ်ရဲ့မြောက်ဘက်မှာရှိတာဖြစ်ပါတယ်။ အဲဒီမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ ရန်သူတွေ ဆုတ်ခွာသွားပါတယ်။ ပေါက်တောမှာတော့ ပေါက်တောနယ်မြေရဲစခန်းကို AA အဖွဲ့ ဝင်ရောက်ခဲ့တာရှိတယ်။ ပြီးရင် သူတို့ဝါဒဖြန့်တာရှိတယ်။ပေါက်တောတစ်မြို့လုံးကိုထိန်းချုပ်နိုင်ပြီဆိုပြီး ဝါဒဖြန့်တာရှိတယ်။ တပ်မတော်အနေနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအဖွဲ့အနေနဲ့ ဒီနေ့ နေ့ခင်းပိုင်းမှာ ပေါက်တောကို ရောက်ရှိပါတယ်။ ရောက်ရှိသွားတဲ့အခါမှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရောက်ရှိတာနဲ့ ရန်သူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပါတယ်။ ပေါက်တောကို ပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။

ဒီနေရာမှာ ဒီနေ့ကျွန်တော်ပြောချင်တာကတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရနဲ့ပူးပေါင်းပြီး အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်လျက်ရှိပါတယ်။ ဒါ့အပြင် ဒီဒေသမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောသလို အဓိက ဒီအွန်လိုင်းလိမ်လည်မှုဆိုတာ ခုနောက်ပိုင်းမှ ဖြစ်ပေါ်လာတဲ့ အခြေအနေဖြစ်တယ်။ အဓိကအရင်းအမြစ်သည် အဲဒီဒေသမှာ တရားမဝင်စီးပွားရေးလုပ်ငန်းတွေ၊ အထူးသဖြင့် တရားမဝင်စီးပွားရေးလုပ်ငန်းဆိုတဲ့နေရာမှာ မူးယစ်ဆေးဝါးလုပ်ငန်းပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းကနေ တရားမဝင်ငွေတွေ ရတယ်။ တရားမဝင်ငွေကနေပြီးတော့ မူးယစ်ဆေးဝါးလုပ်ငန်းကို ကာကွယ်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းတွေဖွဲ့ကြတယ်။ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေ ဖွဲ့ကြပြီးမှ မူးယစ်ဆေးဝါးလုပ်ငန်းအပြင် ကျန်တဲ့ တရားမဝင်လုပ်ငန်းတွေပါ ဆက်လုပ်တယ်။ ဒါတွေကို ကာကွယ်ဖို့ထပ်ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေတိုးချဲ့တယ်။ ဒီသံသရာသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းကတိုင် လည်ခဲ့တဲ့သံသရာ ဖြစ်ပါတယ်။ ဒီသံသရာကို ကျွန်တော်တို့တိုက်ဖျက်ပစ်ရမှာဖြစ်ပါတယ်။ ဒီအဆိုးကျော့ သံသရာကိုတိုက်ဖျက်နိုင်မှ တရုတ် – မြန်မာနယ်စပ်ဒေသမှာ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ ဒီအဆိုးကျော့သံသရာကို အကယ်၍ မဖြတ်တောက်နိုင်သမျှကာလပတ်လုံး၊ မနှိမ်နင်းနိုင်သမျှ ကာလပတ်လုံးမှာ ဒီဟာတွေသည် တစ်နည်းတစ်ဖုံနဲ့ တိုးတက်လာတဲ့ ခေတ်နဲ့အညီ နည်းလမ်းအသစ်တွေနဲ့ ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းဆက်ဆံရေး၊ ပူးပေါင်းဆက်သွယ်ရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၌ ချည်မျှင်နှင့်အထည်အလိပ်သင်တန်းနှင့် လက်ရက်ကန်းသင်တန်းများ ဖွင့်လှစ်မည်

**မိတ္ထီလာ နိုဝင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၌ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လသင်တန်းတို့ကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်များရှိ မြို့နယ်များမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး လူမှုဘဝဖွံ့ဖြိုးရေးအတွက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ စက်ရက်ကန်း၊ ဆေးဆိုး၊ လက်ရက်ကန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ စက်ချည်မျှင်ဆွဲ၊ အမျှင်ကုန်ကြမ်း ဘာသာရပ်များနှင့် စက်ချုပ်နည်းပညာကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။ ၎င်းအပြင် လက်ရက်ကန်း ခြောက်လသင်တန်းကို လက်ရက်ကန်း၊ ဆေးဆိုး၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ လက်ချည်မျှင်ဆွဲဘာသာရပ်များကို ဇန်နဝါရီ ၁ ရက်မှ ဇွန်လအကုန်အထိနှင့် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ သင်တန်းသား သင်တန်းသူ ၁၀ ဦးစီဖြင့် နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း သင်တန်းကျောင်းရှိ အဆောင်တွင် အခမဲ့နေထိုင်ခွင့်ပြုသည့်အပြင် ပညာသင်ထောက်ပံ့ကြေး တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်ရောက်ပြီးပါက နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင် ချည်မျှင်နှင့် အထည်အလိပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းတင်ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရအရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း သတင်းသည် သတင်းအမှားသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

“ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ ယင်းအမှုများနှင့် ဆက်စပ်ကျူးလွန်သည့် လူကိုသွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသဖြင့် ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရ အရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားသည်” ဟူသည့် သတင်းမှာ သတင်းမှားသာဖြစ်ကြောင်းသိရှိရပြီး တရုတ်နိုင်ငံမှလည်း ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဖမ်းဝရမ်းထုတ်ဆင့်ထားခြင်းမရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၆ ရက်

နိုဝင်ဘာလ ၁၃ ရက်နေ့၊ နံနက် (၇:၅၀)ခန့်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်ဝင်ရောက်စီးနင်း ဖျက်ဆီးခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

# ဥပဒေအရအရေးယူနိုင်ရန် ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရားခံ လေးဦးအနက် သုံးဦးကို ဖမ်းဆီးရမိ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လွှဲပြောင်း

နေပြည်တော် နိုဝင်ဘာ ၁၆

**ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ လူကို သွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော Ming Xuechang (မြီရှောက်ချန်း)၊ Ming Guoping(မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan (မြီကျွီလန်) နှင့် Ming Zhenzhen(မြီကျိန်းကျိန်း)တို့ကို ဥပဒေအရအရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်းကို သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။**



Ming Xuechang
(မြီရှောက်ချန်း)



Ming Guoping(မြီကော်ဖျင်း)(ခ)
Ming Xiaoping (မြီရှောက်ဖျင်း)



Ming Zhenzhen
(မြီကျိန်းကျိန်း)

အဆိုပါ ဖမ်းဝရမ်းထုတ်ထားသူများအနက် Ming Xuechang (မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)နှင့် Ming Zhen-zhen (မြီကျိန်းကျိန်း) တို့ကို ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား ဖမ်းဆီးစဉ် Ming Xuechang(မြီရှောက်ချန်း) သည် ၎င်းတရားမဝင်ကိုင်ဆောင်ထားရှိသည့်ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်ကို ပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အထက်ပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးအတွက် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မြန်မာ – တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း နယ်စပ်ဂိတ်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပြီး Ming Xuechang(မြီရှောက်ချန်း) ၏ ရုပ်အလောင်းအား တရုတ်နိုင်ငံဘက်သို့ ယူဆောင်သွားခြင်းမရှိဘဲ လိုအပ်သည်များ စစ်ဆေးအတည်ပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်း Online လိမ်လည်မှုများ၊ လူကို သွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်ခြင်းများ ပပျောက်စေရေး၊ ပါဝင်ပတ်သက်မှုများ မရှိစေရေးတို့အတွက် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့များက စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်၍ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

ရေမိုင် ၁၄၀ ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၁၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားကောင်းသော မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၈ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ နှုန်းခန့် ဖြစ်သည်။

**နောက်(၄၈)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက် – အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို မောင့်ဂလာမြို့နှင့် ခီပူပါရာမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၈ ရက်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ နိုဝင်ဘာ ၁၈ ရက်အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများ ကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

◆ *ကျောဖုံးမှ*

ဘောလုံးပညာ၊ ဘောလုံးဖွံ့ဖြိုးတိုးတက်မှု၊ လူစာရင်း အစစအရာရာကွာခြားနေသည့် မြန်မာအသင်းသည် ပေးဂိုးနည်းရန်သာ အဓိကကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဂျပန်အသင်းတွင် ကူဘို၊ အန်ဒို စသည့် အမာခံကစားသမားအချို့မပါဝင်ဘဲ မီနာမီနို၊ ယူအီဒါ၊ ဒိုအန်၊ တာနာကာ၊ ကာမာဒါ၊ နာကာယာမာတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ခံစစ်အသားပေးသည့် လူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ကျော်မင်းဦး၊ ဖွဲခန့်မင်း၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ ဝေလင်းအောင်၊ နေမိုးနိုင်၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဂျပန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြန်မာအသင်းကလည်း ခံစစ်အသားပေးကစားခဲ့သည်။ ၁၁ မိနစ်တွင် ယူအီဒါက အဖွင့်ဂိုးစတင်သွင်းယူပြီး ၂၈ မိနစ်တွင် ကာမာဒါက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ယူအီဒါက တစ်ဂိုးထပ်မံ သွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ဂျပန်အသင်းကသာ ပွဲကိုစိုးမိုးထားပြီး မိနစ် ၅၀ တွင် ယူအီဒါက ဟက်ထရစ်ရစေမည့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂျပန်အသင်းအတွက် ပဉ္စမမြောက်ဂိုးကို ၈၆ မိနစ်တွင် ဒိုအန်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းဖြစ်သည်။

ရဲရင့်လွင်

### နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၆** – နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများလာရောက်ပေးအပ်




နေပြည်တော် နိုဝင်ဘာ ၁၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော တပ်မတော်သားများအား ဂုဏ်ပြုစကား ပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင် ၄၄ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၈၃၅ သိန်း ၅ သောင်းကို ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ အားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာဘောလုံး အားကစားကွင်း၌ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများ စုစည်း၍ တိုင်းပြည်အလုံးစုံ ပျက်စီးရေးလုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲ ကျင်းပပြုလုပ်သည်။**(အပေါ်ယာပုံ)**




ရှေးဦးစွာ ငြိမ်းချမ်းရေးကို လိုလားကြသည့် သံဃာတော်များ၊ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက နိုင်ငံတော်အလံများ ကိုင်ဆောင်၍ ကွင်းအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ကြသည်။

ထို့နောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက ရှင်းလင်းဟောပြောကြသည်။

ယင်းနောက် ထောက်ခံပွဲသို့ တက်ရောက်လာကြသည့် ပြည်သူအားလုံးက "အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပေးသော တပ်မတော်အား ထောက်ခံပါသည်။ တပ်နှင့်ပြည်သူအတူတူ သွေးခွဲလာသူ ဒို့ရန်သူ။ ရှေ့တန်းရောက် တပ်မတော်သားများ ကျန်းမာပါစေ။ ပြည်သူတို့၏ အကျိုးအမှန် ဖော်ဆောင်သည့် တပ်မတော်ကိုထောက်ခံပါသည်။ တရားသောစစ် အောင်ရမည်။ အစဉ်အလာကောင်းတဲ့တပ်မတော် ဒို့တပ်မတော်။ မြန်မာ့တပ်မတော်အား အပြည့်အဝ ထောက်ခံအပ်ပါသည်။ အကြမ်းဖက် PDF များ ကျဆုံးပါစေ။ စွန့်လွှတ် စွန့်စား တပ်မတော်သားများ အောင်မြင်ပါစေ။ KIA အလိုမရှိ၊ TNLA အလိုမရှိ၊ MNDAA အလိုမရှိ၊ AA အလိုမရှိ၊ BPLA အလိုမရှိ၊ PDF အလိုမရှိ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-

**ဒေါ်အေးအေးအောင်၊ ပဲခူးမြို့**

ဒီထောက်ခံပွဲကို လာရတဲ့ အဓိက ရည်ရွယ်ချက်က ကျွန်မတို့ရဲ့ တပ်မတော်ကြီးကို ချစ်ခင်မြတ်နိုးပြီး ထောက်ခံအားပေးချင်လို့လာခဲ့တာဖြစ်ပါတယ်။ ဒီပွဲကြီးရှိတယ်လို့ ကြားရတဲ့အတွက် ကျွန်မတို့နဲ့ စိတ်သဘောထားတူတဲ့သူတွေစုပြီး လာခဲ့ကြတာဖြစ်ပါတယ်။ ရှေ့တန်းကနေထွက်ပြီး တိုက်ခိုက်ရမယ် ဆိုရင်လည်း ကျွန်မတို့တင် မဟုတ်ပါဘူး။ ပြည်သူတွေကအစ ပူးပေါင်းပါဝင်ဖို့အတွက် အသင့်ရှိနေပါတယ်။ ဒီလိုပွဲမျိုးကို အခုမှမဟုတ်ပါဘူး။ နောက်လုပ်မယ့် ပွဲတွေကိုလည်း ကျွန်မတို့လိုပြည်သူတွေ အများကြီးက အခုလိုတက်ရောက်ဖို့အတွက် အဆင်သင့်ရှိနေပါတယ်။





**ဦး . . . ၊ ပဲခူးမြို့**

ဒီပွဲကိုလာပြီး တက်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့မှာ တပ်မတော်ထောက်ခံပွဲ ပြုလုပ်မယ်ဆိုတဲ့ အကြောင်း သိရတဲ့အတွက် ကျွန်တော်နဲ့ စိတ်သဘောထားချင်းတိုက်ဆိုင်တဲ့ လူဦးရေတစ်ရာလောက်စုပြီး ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို အဘက်ဘက်က နှောင့်ယှက်ဖျက်ဆီးနေတဲ့၊ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ ရန်သူတွေကို တိုက်စစ်ဆင်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့က လာပြီးအားပေးတာပါ။ ရှေ့တန်းစစ်မြေပြင်မှာ ရန်သူတွေကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်နေကြတဲ့ တပ်မတော်သားတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ကျွန်တော်တို့က ဆုတောင်းပေးနေပါတယ်။ ကျွန်တော်တို့အနောက်မှာလည်း ကျွန်တော်တို့လို ပြည်သူတွေ အများကြီးရှိနေပါတယ်။

**သတင်းစဉ်**

## လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့် သတ္တိများရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများပူးပေါင်းပြီး မြို့နယ်များ၌ ကျင်းပပေးလျက်ရှိသည်။**

**မောက်မယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် စဥ့်ဆိုင်ကျေးရွာအုပ်စု နားသဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်စေရန် လူငယ်များအနေဖြင့် ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေးကောင်းမွန်စေရေး၊ ကြီးပွားရေးအမြင်ရှိစေရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး စသည့်အကြောင်းများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်သော်က နယ်လှည့်စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် တိုင်းရင်းသားရုပ်ပုံ ပုံပြင်စာအုပ်များကို ကျောင်းသား ကျောင်းသူများအား ဖတ်ရှုစေ၍ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကိုလည်း ကျောင်းသား ကျောင်းသူများအား ခင်းကျင်းပြသခဲ့သည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အ.ထ.က(ခွဲ) ရှမ်းကုန်းကျောင်း၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်လှဲ့ဝါမြင့်က လူငယ်စကားဝိုင်းများ ကျင်းပပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိနှင့် Book Club အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး GRADE–10 နှင့် 11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စည်းကမ်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး အခြားကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများ ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






သို့/

ချစ်လှစွာသော တပ်မတော်သားလေးတို့ရေ .....

နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်အောင် ရဲရဲဝံ့ဝံ့ တိုက်ပွဲ

ဝင်ပေးနေကြတဲ့ တပ်မတော်သားများအား အထူး ကျေးဇူးတင်ပါကြောင်း...

တပ်မတော်သားတို့ရေ....



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အထက - ၃ ကျောင်းအစည်းအဝေး ခန်းမ၌ ကျင်းပရာ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကော်မရှင်ရုံးခွဲများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာရရှိရန်၊ အဂတိလိုက်စားမှုကို ရက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ် ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာရေး ဆောင်ရွက်ရာတွင် ကျောင်းသားလူငယ်တို့၏ အခန်းကဏ္ဍပါဝင်လာစေရန်၊ ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုကို မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှု ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝသည်းမခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ကြရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း ဖြစ်သည့်အတွက် ကောင်းမွန်သည့် ကိုယ်ကျင့်တရားများကို ငယ်စဉ်ကတည်းက ပျိုးထောင် တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့် မျိုးဆက်သစ် လူငယ်များအား ဖြောင့်မတ်တည်ကြည်မှု ရှိသော လူမှုအသိုက်အဝန်း ဖြစ်တည်လာစေရန် ပြုစုပျိုးထောင်ပေးရမည် ဖြစ်ပြီး ပညာရေးကဏ္ဍဖြစ်သည့် စာသင်ကျောင်းများမှ စတင်ရမည် ဖြစ်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာ နေ့စဉ်လုပ်ငန်းကိစ္စရပ်များတွင် စံနမူနာတစ်ခုကို ထောက်ခံအားပေးပြီး ၎င်းနှင့်ဆန့်ကျင်ဆောင်ရွက်ခြင်း မပြုဘဲ ကျင့်ဝတ်နှင့်ညီသော စည်းမျဉ်းများကို ဖော်ဆောင်လိုက်နာခြင်း ဖြစ်ပါကြောင်း၊ ဖြောင့်မတ် တည်ကြည်မှုကို ဖောက်ဖျက်ပါက အဂတိလိုက်စားမှု ဖြစ်နိုင်ပါကြောင်း၊ လူငယ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်ဖြစ်စေ၊ အခြားမူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်ဖြစ်စေ ပါဝင်ခွင့်ပေးရန် လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ပုဗ္ဗသီရိမြို့နယ် အထက-၃ မှ ကျောင်းသား ကျောင်းသူများက ၎င်းတို့၏ သိရှိလိုသည်များကို မေးမြန်းရာ Speaker များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသားကျောင်းသူများက ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက အရှေ့လေးအိမ်ကျေးရွာရှိ ဒေသခံတောင်သူများကို ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ယမန်နေ့က စတင်ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးပေးရာ၌ အရှေ့လေးအိမ်ကျေးရွာမှ ဆောင်းသီးနှံ ကုလားပဲဖြူလုံးကြီး စိုက်ဧက ၅၉ ဧက စိုက်ပျိုးမည့် ဒေသခံတောင်သူ ၅၉ ဦးအတွက် တစ်ဧကလျှင် ချေးငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၉ သိန်းကို ထုတ်ချေးပေးသည်။ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ပေါက်ကုန်းကျေးရွာမှ ဒေသခံတောင်သူများကိုလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

❖ *ကျောဖုံးမှ*

ဥဇဘက်ကစ္စတန်နှင့် စပိန်အသင်းပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**တစ်ဖက်နှစ်ဂိုးစီ သရေကျ**

စပိန်အသင်းသည် ဥဇဘက်ကစ္စတန်အသင်းဘက်သို့ ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲများတွင် ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ယခုပွဲစဉ်တွင် သရေကျခဲ့သော်လည်း အုပ်စု (ခ) တွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ်ဖြင့် နောက်တစ်ဆင့်သို့ အုပ်စုပထမဖြင့် တက်လှမ်းနိုင်ခဲ့သည်။

**နောက်တစ်ဆင့် တက်လှမ်းနိုင်ခွင့်ရှိ**

ဥဇဘက်ကစ္စတန်အသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားသောကြောင့် အကောင်းဆုံးအုပ်စု တတိယအသင်း အနေဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခွင့် ရှိနေသေးသည်။

**အောင်ဇော်**

# ပြည်ပဆွေးနွေးပွဲအတွေ့အကြုံများ ပြန်လည်ရှင်းလင်းဆွေးနွေး နည်းပညာအသစ်များကို ဌာနအတွင်း မျှဝေဖလှယ်၍ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၁၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အမှုထမ်းအရာထမ်းများ၏ ပြည်ပဆွေးနွေးပွဲအတွေ့အကြုံများ ပြန်လည်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကား ပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြည်ပဆွေးနွေးပွဲ အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြရာ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန၏ (၄၅) ကြိမ်မြောက် စီမံကိန်းကော်မတီအစည်းအဝေးနှင့် (၂၅)ကြိမ်မြောက် ASEAN–SEAFDEC မဟာဗျူဟာ မိတ်ဖက်ငါးလုပ်ငန်း အတိုင်ပင်ခံအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို လည်းကောင်း၊ မလေးရှားနိုင်ငံတွင်ကျင်းပခဲ့သည့် အာရှဒေသ၏ ငါးလုပ်ငန်းအထောက်အပံ့ဆိုင်ရာ ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲ အတွေ့အကြုံများကို လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အသေးစားငါးလုပ်ငန်းတွင် ကျား/မရေးရာ ရှုထောင့်အပေါ် လေ့လာသင်ကြားမည့် သင်ရိုးညွှန်းတမ်းအား အပြီးသတ်ဆွေးနွေးမည့် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများကို လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာရှပစိဖိတ်နိုင်ငံများရှိ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ အတည်ပြုရွေးချယ်ထားသည့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ Focal Points များ၏ (၆)ကြိမ်မြောက် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ၊ ပညာရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ပြည်ပဆွေးနွေးပွဲအတွေ့အကြုံများ ပြန်လည်ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။





တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်ဖြူမြို့ STUDENTS HOSTEL ၌ အခြေပြု၍ ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၄၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးရောဂါ ၁၃၉ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၂၁၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၁ ဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦး စုစုပေါင်း ၈၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးဝါးလာရောက်ကုသမှုခံယူသည့် ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်–

**ဒေါ်ခင်မိုးဦး၊ ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ ကျောက်ဖြူမြို့**

ကျွန်မရဲ့ရောဂါက ခန္ဓာကိုယ်မှာ အသီးလေးတွေ နည်းနည်းပေါက်ပြီး ယားနေလို့ပါ။ အဲဒါ တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ရောက်လာပြီး ကုသပေးနေတယ်လို့ ကြားတဲ့အတွက် လာပြီးကုသတာပါ။ ရောဂါဖြစ်နေတာက ခြောက်လလောက် ကြာသွားပါပြီ။ အပြင်မှာဆေးကုရင် ငါးသိန်းခြောက်သိန်းလောက်ကုန်မှာပါ။ ဒီမှာဆိုရင် ပိုက်ဆံလည်း တစ်ပြားမှမကုန်ဘူး။ အလကားကုပေးတယ်။ သောက်ဆေးတွေလည်း ပေးတယ်။ အဲဒါကြောင့် လာကုတာပါ။ ဆေးကုသပေးတဲ့ ဆရာဝန်လေးတွေကလည်း မျက်နှာလေးတွေက ချိုချိုသာသာနဲ့ ကုသပေးပါတယ်။ လူနာတွေကိုလည်း နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ အဲဒါကြောင့်လည်း လူတွေကလာပြီး ဆေးကုသကြတာများတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာကြည်နူးခံစားရပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အခုလိုပဲ လာရောက်ကုသပေးကြပါတယ်။ အရင်နှစ်တွေကလည်း အခုလိုပဲ လာရောက်ကုသပေးကြပါတယ်။ တစ်နှစ်မှာ နှစ်ခါ၊ သုံးခါလောက် ရောက်ကြပါတယ်။ ရောက်တိုင်းလည်း လူတွေအများကြီး လာရောက်ကုသကြပါတယ်။ နိုင်ငံတော်အကြီးအကဲတွေနဲ့ ဆေးကုသပေးတဲ့ပါရဂူကြီးတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးဘယာကင်းရှင်းကြပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ **သတင်းစဉ်**



# ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေး ပညာပေးအစီအစဉ်ဆောင်ရွက်

**တပ်ကုန်း နိုဝင်ဘာ ၁၆**

နေပြည်တော် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် နောင်သန်ီ အခြေခံပညာအလယ်တန်းကျောင်း၌ ကလေးသူငယ်များအတွက် ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေး ပညာပေးအစီအစဉ် (Kaeru Caravan)ဟောပြောခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန က ဦးဆောင်၍ နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးလောင်မှုအခြေအနေများ၊ မီးငြိမ်းသတ်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားတတ်သည့်အကြောင်းများကို ဟောပြောခဲ့ပြီး ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူးနှင့် မီးငြိမ်းသတ်ကျွမ်းကျင်ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား မီးသတ်ဆေးဘူးလက်တွေ့ကိုင်တွယ်ပက်ဖျန်းခြင်း၊ မီးလောင်မှုအခြေခံသဘောနှင့်ယှဉ်၍ ဂိမ်းကစားနည်းများ၊ သဘာဝဘေးအန္တရာယ်များ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အိမ်ရှိ ရေသန့်ဘူးများဖြင့် အရေးပေါ် အသက်ကယ်အင်္ကျီပြုလုပ်နည်း၊ အရိုးကျိုးဒဏ်ရာရရှိသူအား အိမ်တွင်ရှိသောပစ္စည်းများဖြင့် ရှေးဦးသူနာပြုစုနည်း၊ စောင်ဖြင့် လူနာသယ်ဆောင်နည်းများ၊ သဘာဝဘေးအရေးပေါ် အခြေအနေတွင် ကိုယ်၌တစ်ပါတည်းသယ်ယူရမည့် ပစ္စည်း ၁၇ မျိုး စသည်တို့ကို ရှင်းလင်းပြောကြားကာ လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ **တင်စိုးလွင်**



# ဂါဇာငြိမ်းချမ်းရေးရရှိရေး တိုက်ခိုက်မှုများရပ်ဆိုင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တောင်းဆို

**ဂါဇာ နိုဝင်ဘာ ၁၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဂါဇာကမ်းမြောင်ဒေသတိုက်ခိုက်မှုများကို အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများအတွက် ခဏတာရပ်ဆိုင်းရန်အတွက် တောင်းဆိုခဲ့သည်။ အစ္စရေး-ဟားမားစ်ပဋိပက္ခနိဂုံးချုပ်ရန် လေးကြိမ်တိုင်တိုင် ကြိုးစားမှု မအောင်မမြင်ဖြစ်ပြီးနောက် ယခုလို ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက်က ကျင်းပပြုလုပ်သော အရေးပေါ်အစည်းအဝေး၌ မော်လ်တာ တင်ပြခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းတွင် ဂါဇာ၌ဖြစ်ပွားလျက်ရှိသော လူသားချင်းစာနာထောက်ထားမှုအခြေအနေများ ဆိုးရွားလာခြင်းနှင့် အထူးသဖြင့် ကလေးများအပေါ် သက်ရောက်လာနိုင်သည့်အပေါ် အလွန်စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားသည်။

ဂျပန်၊ ပြင်သစ်၊ တရုတ်နိုင်ငံများပါဝင်သော အဖွဲ့ဝင် ၁၂ ဦးက ထောက်ခံမဲပေးခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ရုရှားနိုင်ငံတို့က ကြားနေခဲ့ကြသည်။

ကလေးများ၏လူသားချင်းစာနာထောက်ထားမှုအခြေအနေများ တိုးတက်ရေးကို ဦးတည်သည့် နောက်ဆုံး ဥပဒေကြမ်းက နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှုကို ဖြစ်စေခဲ့သည်။

ဂါဇာတွင် ကလေးငယ်ပေါင်း ၄၆၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ ဂျပန်နိုင်ငံ၏ကုလသမဂ္ဂသံအမတ်ကြီး အီရှီကာနီ ကီမီဟီရိုက ထွက်ပေါ်လာသော ရလဒ်ကို ကြိုဆိုခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နောက်ဆုံးတွင် ဆောင်ရွက်နိုင်ခဲ့ပြီဟုလည်း ပြောကြားခဲ့သည်။



ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အကြမ်းဖက်ဖြစ်ရပ်များပျံ့နှံ့လာခြင်းကို ကာကွယ်ရန်အတွက် ယခုလိုမျိုးလုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကူညီသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာကမ်းမြောင်ဒေသမှ လူနာများ ဆေးကုသမှုခံယူရန် တူကီယဲနိုင်ငံသို့ရောက်ရှိ

**အန်ကာရာ နိုဝင်ဘာ ၁၆**




ဂါဇာဒေသမှ လူနာ ၂၇ ဦးနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးမည့်သူ ၁၃ ဦးတို့သည် ရာဖာနယ်စပ်ဂိတ်ကို ဖြတ်ကျော်ကာ အီဂျစ်နိုင်ငံမှတစ်ဆင့် တူကီယဲနိုင်ငံသို့ နိုဝင်ဘာ ၁၆ ရက်တွင် ရောက်ရှိလာပြီဖြစ်သည်။

အဆိုပါ လူနာ ၂၇ ဦးမှာ ဂါဇာမှဖြစ်ပြီး အများစုမှာ ကုသမှုအရေးပေါ် လိုအပ်နေသည့် ကင်ဆာရောဂါသည်များ ဖြစ်ကြသည်ဟု တူကီယဲနိုင်ငံ ကျန်းမာရေးဝန်ကြီး ဖာရီတင် ကိုကာ က အန်ကာရာလေဆိပ်တွင် သတင်းထောက်များကို ပြောသည်။

တူကီယဲနိုင်ငံသည် ဂါဇာဒေသသို့ ဆေးပစ္စည်းများ အပါအဝင် အခြားသောထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ လူနာများသည် အီဂျစ်မှတစ်ဆင့် အခြားနိုင်ငံသို့ လာရောက်သည့် ဂါဇာဒေသမှ ပထမဦးဆုံးလူနာများ ဖြစ်ကြသည်ဟု ၎င်းက နိုဝင်ဘာ ၁၅ ရက်တွင် ပြောသည်။

ဂါဇာဒေသတွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် ပါလက်စတိုင်း ၁၁၅၀၀ သေဆုံးခဲ့ရသည်။ အစ္စရေးဘက်မှလည်း လူပေါင်း ၁၂၀၀ သေဆုံးခဲ့ရသည်။ ၎င်းတို့ထဲမှ အများစုမှာ အောက်တိုဘာ ၇ ရက် ဟားမားစ်တို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် ကာလဝမ်းရောဂါ ကူးစက်မှုဆက်လက်ပျံ့နှံ့

**ခါတွန် နိုဝင်ဘာ ၁၆**

ဆူဒန်နိုင်ငံ၌ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး ဆေးဘက်ဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးနိုင်ရေး ရုန်းကန်နေရသည်။ တိုင်းပြည်အတွင်း ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုမှာလည်း ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအဖွဲ့က နိုဝင်ဘာ ၁၅ ရက်တွင် ပြောသည်။

ပြည်နယ်ပေါင်း ၁၈ခုမှ လူပေါင်း ၃၀၀၀ နီးပါးမှာ ကာလဝမ်းရောဂါ ကူးစက်ခံနေရသည်ဟု သံသယရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့က ပြောသည်။ နိုဝင်ဘာ ၁၂ ရက်အထိ ကာလဝမ်းရောဂါကြောင့် လူပေါင်း ၈၉ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

ဆူဒန်နိုင်ငံ လူဦးရေ၏သုံးပုံ နှစ်ပုံမှာ ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့နေကြောင်း၊ ပဋိပက္ခဖြစ်ပွားရာနေရာရှိ ဆေးရုံပေါင်း ၇၀ ရာခိုင်နှုန်းကျော်မှာ ဝန်ဆောင်မှုများမပေးနိုင်ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောသည်။ ကနဦး ကာလဝမ်းရောဂါဖြစ်ပွားမှုကို အရှေ့ပိုင်း ဂီဒရက်ဖ်တွင် စတင်တွေ့ရှိခဲ့ပြီး မကြာမီအချိန်အတွင်း မြို့တော်ခါတွန်နှင့် အခြားသော ဒေသများကို ကူးစက်ပျံ့နှံ့သွားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နှင့် ထိုင်းနိုင်ငံခေါင်းဆောင်များ ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း အစည်းအဝေးအောင်မြင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူ

**တိုကျို နိုဝင်ဘာ ၁၆**

ဂျပန်နှင့် ထိုင်းနိုင်ငံခေါင်းဆောင်များသည် ရှေ့လတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း အထူးအစည်းအဝေးအောင်မြင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယိုနှင့် ထိုင်းဝန်ကြီးချုပ် ဆရတ်သာ သာဗီဆင်တို့သည် နိုဝင်ဘာ ၁၅ ရက်က ဆန်ဖရန်စစ္စကိုရှိ ဟိုတယ်တစ်ခုတွင် နာရီဝက်ကြာ တွေ့ဆုံခဲ့သည်။

ဂျပန်နိုင်ငံသည် နှစ်နိုင်ငံဆက်သွယ်ရေးတိုးမြှင့်ရန် ဆန္ဒရှိကြောင်းနှင့် တရားဥပဒေစိုးမိုးရေးကို အခြေခံလျက် ပွင့်လင်းလွတ်လပ်သော နိုင်ငံတကာ အမိန့်၊ ညွှန်ကြားချက်များကို ထိန်းသိမ်းရန် ထိုင်းနိုင်ငံအတူလက်တွဲဆောင်ရွက်လိုကြောင်း ကီရှီဒါက ဆရတ်သာကို ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်-အာဆီယံ အစည်းအဝေးအောင်မြင်စွာပြီးဆုံးရန် အတူတကွ လက်တွဲလုပ်ဆောင်သွားရန် သဘောတူခဲ့သည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးသည် စွမ်းအင်နှင့် ဖုန်းလုပ်ငန်း၊ လုံခြုံရေးဆိုင်ရာများအပါအဝင် စီးပွားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ ကျောက်မီးသွေးသတ္တုတွင်း ကုမ္ပဏီအဆောက်အအုံ မီးလောင်မှုကြောင့် သေဆုံးသူ ၂၆ ဦးထက်မနည်းရှိ

**ပေကျင်း နိုဝင်ဘာ ၁၆**

**တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် လျူလျန်မြို့ရှိ ကျောက်မီးသွေးသတ္တုတွင်းကုမ္ပဏီ အဆောက်အအုံ နိုဝင်ဘာ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းခဲ့ကြသည်။**

နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မီးလောင်မှုကြောင့် သေဆုံးသူဦးရေမှာ ၂၆ ဦးအထိရှိလာသည်ဟု ကယ်ဆယ်ရေးသမားများက ပြောသည်။

ငါးထပ် အဆောက်အအုံရှိ ဒုတိယအထပ်တွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

ဆေးကုသမှုများ ခံယူရန်အတွက် လူပေါင်း ၆၀ ကျော်ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူဦးရေမှာလည်း ၃၈ ဦးအထိ ရှိလာပြီဖြစ်သည်။

အဆိုပါ အဆောက်အအုံမှာ ယုံကျီပုဂ္ဂလိကကုမ္ပဏီပိုင် အဆောက်အအုံဖြစ်သည်။

**ဆင်ဟွာ**



မီးငြိမ်းသတ်နိုင်ရေးကြိုးပမ်းနေကြသည့် မီးသတ်သမားများကို တွေ့ရစဉ်။



## ခရမ်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ခရမ်း နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရမ်းမြို့ အ.ထ.က(၂) မြို့မကျောင်း မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာပေဖတ်ရှုခြင်းကြောင့် အတွေးအခေါ်များမြင့်မားကာ အသိပညာဗဟုသုတများရရှိစေပြီး ဗလငါးတန်ဖြင့် ပြည့်စုံကြွယ်ဝသည့် လူငယ်လူရွယ်များပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်လေးနွယ် က လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကိုဟောပြောသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ကျော့ကေခိုင်က စားသုံးသူအခွင့်အရေးနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း ရှိ/မရှိ အကြောင်းအရာများ၊ မြန်မာဘာသာဖြင့် ရေးသားထားသော အစားအစာများကိုသာ စားသုံးရန်နှင့် စားသုံးသူအခွင့်အရေး ရှစ်ချက်ပါအကြောင်းအရာများကို ဟောပြောပြီး မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က ရာသီဥတုအလိုက် နေထိုင်ရမည့် နည်းလမ်းများ၊ စားသောက်ရမည့်အစားအစာများ၊ ရောဂါကာကွယ်ကုသ နည်းများကို ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သုတ၊ ရသစာအုပ်များ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးနံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်လိန်းလီကျေးရွာအနီးတွင် ပင်လောင်းမှ တပ်ကုန်းဘက်သို့ အောင်မင်း မောင်းနှင်ပြီး အောင်ကိုကိုဦး လိုက်ပါလာသည့် TOYOTA SURF မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့သည်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးချက်အရ နိုဝင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် စိတ်ကြွရူးသွပ် ဆေးပြားများ သယ်ဆောင် ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းခုံးလှိုင်း(ခ) ကိုစိုင်း ကို ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁)ရှိ ၎င်း၏ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးခံသေတ္တာအတွင်းမှ ငွေနှင့်ရွှေထည်ပစ္စည်းများ ခိုးယူသူအား အရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုဝင်ဘာ ၁၄ ရက်က မီးခံသေတ္တာအတွင်းမှ ငွေနှင့်ရွှေထည်ပစ္စည်းများ ခိုးယူသူကို အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်နေ ဒေါ်ဝင်းဝင်းမာ(၄၀) နှစ်၏ နေအိမ်အိပ်ခန်းအတွင်းရှိ မီးခံသေတ္တာအတွင်းမှ ငွေကျပ် သိန်း ၇၀ နှင့်ရွှေထည်ပစ္စည်း ၃၁ မျိုး၊ အလေးချိန် ၂၁ ကျပ်သား ၁၄ ပဲ ၂ ရွေး (စုစုပေါင်း တန်ဖိုးငွေကျပ် ၆၉,၂၈၃,၆၁၈ ခန့်)ကို တစ်ရပ်ကွက်တည်းနေ တူမတော်စပ်သူ ထက်ထက်သဲဦး (၂၆)နှစ်က ခိုးယူသွားခဲ့သဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် အရေးယူပေးပါရန် လာရောက်တိုင်တန်းချက်အရ ထက်ထက်သဲဦးအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## သန်လျင်မြို့နယ်၌ အပူရှိန်လွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ နိုဝင်ဘာ ၁၅ ရက်က အပူရှိန်လွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မော်တော်ယာဉ် တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့နယ် ကျောက်ရေတွင်းကျေးရွာ သန်လျင်-ကျောက်တန်း ကားလမ်း ACMT ကားဝပ်ရှော့ဆိုင်ရှေ့၌ မော်တော်ယာဉ် တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ သန်လျင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သန်လျင်ခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ငါးမိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သဖြင့် စိစစ်ခဲ့ရာ မရမ်းကုန်းမြို့နယ် (၁၁) ရပ်ကွက်နေ အောင်နိုင်မိုး (၃၄)နှစ်သည် YGN-41 1G--- HIJET ယာဉ်ကို မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ မော်တော်ယာဉ်အပူရှိန်လွန်ကဲရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် အောင်နိုင်မိုး ကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့ သစ်တပွေရပ်ကွက်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပဲခူးခရိုင်နှင့်တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၃၃၈ တန်၊ သစ်မာ ၀ ဒသမ ၁၇၀ တန်နှင့် အခြားသစ် ၁ ဒသမ ၂၈၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၈၁၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ နိုဝင်ဘာ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ Flying Horse ခတ်မြေသြဇာ ကီလိုဂရမ် ၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Silicone Sealant ရေလုံကော် ၅၀၀၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Done Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၁၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၆၄၆၁၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

(၃၄) နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေး

◇◇◇◇◇◇◇◇◇

**လင်းလက်မေမေ**

◇◇◇◇◇◇◇◇◇

**အိမ်တစ်အိမ်၏ ဆည်းလည်းရတနာဟု တင်စားခေါ်ဝေါ်ကြရသည့် ကလေးများသည် တိုင်းပြည်၏တာဝန်ကို ပခုံးလွှဲပြောင်းတာဝန်ယူကြရမည့် အနာဂတ်၏ မျိုးဆက်သစ်များ ဖြစ်သည်။ ထို့ကြောင့် အနာဂတ်၏ လူတော်လူကောင်းများ ဖြစ်လာစေရန် ကလေးများကို အသိပညာတိုးပွားစေရေး၊ ယဉ်ကျေးလိမ္မာ၍ ဘာသာတရားကိုင်းရှိုင်းစေရေး၊ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေး၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ထားရှိတတ်စေရေး၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်သည့်စိတ်များဖြစ်ပေါ်မည့် အလေ့အကျင့်ကောင်းများဖြင့် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။**

ထိုသို့ပျိုးထောင်ရာတွင် ကလေးများ၏အိပ်မက်နှင့် ဆန္ဒများကို အသိအမှတ်ပြု၍ ကလေးများအားလုံးရထိုက်သည့် အခြေခံအခွင့်အရေးများဖြစ်သည့် လုံလောက်သော အစားအစာနှင့် အာဟာရ၊ ပညာသင်ကြားမှု အခွင့်အလမ်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းနှင့် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တို့ကို ပံ့ပိုးပေးရမည်ဖြစ်သည်။




၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က (၃၃) နှစ်မြောက် ကမ္ဘာ့ကလေးများနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ကလေးငယ်တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

ကလေးများအားလုံးအတွက် အဆိုပါ အခြေခံအခွင့်အရေးများကို ဖြည့်ဆည်းပေးခြင်းဖြင့် ကလေးများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာ၍ ပညာသင်ယူခွင့် ရရှိသော ကလေးများသည် ဆင်းရဲနွမ်းပါးမှု သံသရာကို ကျော်ဖြတ်နိုင်ပြီး ပြည့်စုံသော ဘဝများဆီသို့ လျှောက်လှမ်းနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ ကလေးများအတွက် အဆိုပါအခြေခံအခွင့်အရေးများရရှိစေရေး ဆောင်ရွက်ရန်မှာ နိုင်ငံတော်အစိုးရသာမက မိဘများ၊ မိသားစုဝင်များနှင့် ရပ်ရွာလူထုများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည် ဖြစ်သည်။ ကလေးသူငယ်များ၏ အခွင့်အရေးများအား အပြည့်အဝဖော်ဆောင်ပေးနိုင်ရေး နှိုးဆော်ပေးရန်အတွက် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း ကျင်းပလေ့ ရှိပါသည်။

**ကမ္ဘာ့ကလေးများနေ့ဖြစ်ပေါ်လာပုံ**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် ဆုံးဖြတ်ချက်အမှတ် ၈၃၆(၉) အရ အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ကို ကမ္ဘာတစ်ဝန်းတွင် သတ်မှတ်ကျင်းပရန်နှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ စံနှုန်းများ၊ ရည်မှန်းချက်များနှင့် ကမ္ဘာပေါ်ရှိ ကလေးများ၏ ဘဝသာယာရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေး လှုံ့ဆော်ပေးရန်အတွက် လှုပ်ရှားမှုနေ့အဖြစ် ကျင်းပရန် သင့်လျော်သည့်နေ့စွဲသတ်မှတ်ပေးရန် နိုင်ငံများက အကြံပြုခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း(Declaration of the Rights of the Child)အား လည်းကောင်း၊ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(United Nations Convention on the Rights of the Child–UNCRC) အား လည်းကောင်း အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အဆိုပါကြေညာစာတမ်းနှင့် စာချုပ်များ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့(World Children’s Day) အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်း ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ၃၄ နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။

**UNCRC အကောင်အထည်ဖော်ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၁ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်း၊ ညစ်ညမ်းရုပ်ပုံများဆိုင်ရာ CRC နောက်ဆက်တွဲစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Sale of Children, Child Prostitution and Child Pornography(CRC–OPSC))တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂစာချုပ်၏ နောက်ဆက်တွဲစာချုပ်ဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များပါဝင် ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲစာချုပ်( Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict(CRC–OPAC))တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) တွင် ကလေးသူငယ်အခွင့်အရေးအပိုင်း၌ အပိုဒ် ၄၁ ပိုဒ်ပါရှိပြီး အပိုဒ် ၄၂ မှ ၅၄ အထိ အပိုဒ် ၁၃ ပိုဒ်မှာ အဖွဲ့ဝင်နိုင်ငံတိုင်းက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဝတ္တရားများဖြစ်သည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအားလုံးက ကလေးများအတွက် ဖြည့်ဆည်းပေးရန် အဓိကအခွင့်အရေး လေးရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ ကာကွယ်စောင့်ရှောက်မှုရရှိခွင့် (Protection)၊ ပါဝင်ဆောင်ရွက်ခွင့် (Participation) တို့ကိုလည်းကောင်း၊ ကလေးသူငယ်များနှင့် ပတ်သက်၍ အခြေခံမူ ၄ ရပ်အဖြစ် ကလေးသူငယ်၏အကောင်းဆုံး အကျိုးစီးပွားကို ဖြစ်ထွန်းစေသောမူ(The best interests of the child)၊ ခွဲခြားသတ်မှတ်မှု မရှိစေသောမူ (Non–discrimination)၊ အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေသောမူ (Survival and Development)၊ ကလေးသူငယ်၏ ထင်မြင်ယူဆချက်အား အလေးပေးစေသောမူ (Respect to child’s opinion)ကို လည်းကောင်း ထည့်သွင်းရေးဆွဲထားကြောင်း တွေ့ရှိရသည်။

❍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)တွင် ကလေးသူငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့အတွက် ပြစ်မှု၊ ပြစ်ဒဏ်များအပါအဝင် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ မိဘပြုစုစောင့်ရှောက်မှုမရရှိသော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအခန်းများ ပါရှိသဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ထိရောက်သော ဥပဒေတစ်ခုဖြစ်

UNCRC ပါ ကလေးသူငယ်အခွင့်အရေးလေးရပ်နှင့်အခြေခံမူလေးရပ်နှင့်အညီ ကလေးသူငယ် အခွင့်အရေးများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ် ဥပဒေကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် UNCRC ပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန်အတွက် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေသစ်အား ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကလေးသူငယ်များအားလုံး အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ ရရှိစေရေးအတွက် နည်းဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉)တွင် ကလေးသူငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့အတွက် ပြစ်မှု၊ ပြစ်ဒဏ်များအပါအဝင် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ မိဘပြုစုစောင့်ရှောက်မှုမရရှိသော ကလေးသူငယ်များအတွက် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအခန်းများ ပါရှိသဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ထိရောက်သော ဥပဒေတစ်ခုဖြစ်သည်ကို တွေ့ရပါသည်။

ထို့အပြင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒအား ရေးဆွဲလျက်ရှိသည်။ ထိုမူဝါဒသည် ကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း (Violence)၊ အလွဲသုံးခြင်း(Abuse)၊ လျစ်လျူရှုခြင်း (Neglect)၊ ခေါင်းပုံဖြတ်ခြင်း (Exploitation) တို့အား ကာကွယ်တားဆီးရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် နည်းလမ်းများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပြီး ကလေးသူငယ်များ ဘေးကင်းလုံခြုံရေးနှင့် ဘဝသာယာစေရေး အားလုံးမျှဝေ တာဝန်ယူ ဆောင်ရွက်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် နိုင်ငံတော်အစိုးရက မိသားစုများနှင့် ရပ်ရွာသို့ ပံ့ပိုးပေးရန် မျှော်မှန်းထားပါသည်။

ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ဖော်ဆောင်နိုင်ရန်၊ ကလေးသူငယ်များ၏ အခွင့်အရေးများ အပြည့်အဝခံစားရရှိစေရန်နှင့် အကာအကွယ်ပေးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင်လည်းကောင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ဆက်စပ်ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း ၃၇ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကိုလည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါသည်။

**CRC အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် တာဝန် ၅ ရပ်ပါရှိ**

CRC အဖွဲ့ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် တာဝန် ၅ ရပ်တွင် ပါရှိသည့် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို UNCRC Committee သို့ နိုင်ငံအဆင့် အစီရင်ခံစာများ တင်ပြရန်ဆိုသည့် တာဝန်နှင့်အညီ နိုင်ငံတော် အစိုးရအနေဖြင့် အစီရင်ခံစာများ တင်သွင်းဆောင်ရွက်လျက်ရှိရာ ပထမအကြိမ်အစီရင်ခံစာကို ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ တတိယနှင့် စတုတ္ထအကြိမ် အစီရင်ခံစာကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ ပဉ္စမနှင့် ဆဋ္ဌမအကြိမ် အစီရင်ခံစာကို ၂၀၂၀ ခုနှစ်တွင် လည်းကောင်း တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

UNCRC ပါ ကလေးသူငယ်အခွင့်အရေးများနှင့် ဥပဒေပါ အချက်များကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ခရိုင်နှင့် မြို့နယ်အဆင့်များအပါအဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် UNCRC ပါ ကလေးသူငယ်အခွင့်အရေးများနှင့် ဥပဒေပါ အချက်များဆိုင်ရာ အသိပညာပေးခြင်းနှင့် ဟောပြောပွဲ (၃၄၉) ကြိမ်ဖြင့် လည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွင်းတွင် (၁၆၇)ကြိမ်ဖြင့်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ကလေးသူငယ်များ ကိုယ်တိုင် ၎င်းတို့၏ အခွင့်အရေးများကို သိရှိစေရန် အတွက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား "ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင်သိရှိနားလည်ရေး" ခေါင်းစဉ်ဖြင့် ၁-၇-၂၀၂၂ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အခြေခံပညာသင်ကျောင်း (၁၄၇)ကျောင်းတွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၅ ခုနှစ်မှ စတင်၍ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် (Case Management System)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်မှ စတင်၍ Nation-wide Case Management Supervision Unit(NCMSU) ကို ဖွဲ့စည်းကာ လူမှုရေးရာဖြစ်ရပ်ကြီးကြပ်သူ ၄၅ ဦး၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ ၃၂၀ ဖြင့် နိုင်ငံတစ်ဝန်းရှိ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

လူမှုရေးရာဖြစ်ရပ်များ လွှဲပြောင်းချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အကြမ်းဖက်ခံရသူများအား အချိန်နှင့် တစ်ပြေးညီ

**✳ ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများအား သိရှိစေရန်၊ မိမိကိုယ်မိမိ ကာကွယ်တတ်စေရန်၊ မိမိမကြိုက်သော အပြုအမူများအား သူတစ်ပါးက ပြုမူလျှင် မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိစေရန် လက်ဦးဆရာဖြစ်သော မိဘများ၊ ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးရမည်ဖြစ်သည်**

**✳ ကလေးများ၏အခွင့်အရေး ဖြည့်ဆည်းပေးရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကလေးများနေ့အား နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိ**

ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် Social Management Information System (SMIS) Digital Platform ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ သတင်းနည်းပညာဌာန၏ နည်းပညာအကူအညီဖြင့် ရေးဆွဲခဲ့ရာ ၁၈-၅-၂၀၂၃ ရက်နေ့တွင် စတင် အသုံးပြုနိုင်ခဲ့ပါသည်။

SMIS Umbrella အောက်တွင် Software လေးခုအနေဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program-MCCT)၊ လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်း (Social Pension Program -SP)၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information Management System- CMIMS)နှင့် မသန်စွမ်းသတင်း အချက်အလက်စနစ်(Disabled Management Information System-DMIS)တို့ ပါဝင်ကြောင်း သိရှိရပါသည်။

**ဖြစ်ရပ်များအား စီမံခန့်ခွဲသူများအနေဖြင့် စနစ်တကျ သုံးစွဲနိုင်ပြီ**

အဆိုပါ Software လေးခုအနက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Case Management Information Management System- CMIMS)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် စနစ်တကျ သုံးစွဲနိုင်ပြီဖြစ်ပြီး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား အချိန်မီကာကွယ်စောင့်ရှောက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းမှုများ ကြုံတွေ့လာပါက အလွယ်တကူ တိုင်ကြားနိုင်ရန် Helpline ဖုန်းနံပါတ် (၀၆၇-၄၀၄၂၂၂)နှင့် (၀၆၇-၄၀၄၉၉၉)ဖြင့် (၂၄)နာရီ ဝန်ဆောင်မှုပေးခြင်းကို ၂၀၁၆ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စတင်၍ Helpline ဖုန်းခေါ်ဆို တိုင်ကြားမှုအပြင် Viberနှင့် Facebook Page များတွင် စာတိုပေးပို့တိုင်ကြားနိုင်ပြီး ယခုအခါ ဝန်ဆောင်မှုရယူသူများ ဖုန်းခေါ်ဆိုရာတွင် မှတ်သားခေါ်ဆိုရန် လွယ်ကူသည့် အထူးချိတ်ဆက် ဖုန်းနံပါတ် ၁၅၆၆ သို့ ဆက်သွယ်တိုင်ကြားနိုင်ပြီဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ စနစ်တကျလေ့ကျင့်ထားသော လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူများသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများ၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသော ကလေးသူငယ်များအတွက် နစ်နာကြေး ပံ့ပိုးပေးခြင်း၊ တရားရုံးရင်ဆိုင်နေရသူများအတွက် ခရီးစရိတ်များ ထောက်ပံ့ပေးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ အကူအညီများ(Legal Aids)ရရှိအောင် ချိတ်ဆက်ဆောက်ရွက်ပေးခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာ (Psycho Social Support) များ ဆွေးနွေးပေးခြင်း၊ ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ခံစားမှုများ (Severe Trauma and Stress) အတွက် ကျွမ်းကျင်သူ Counsellor များနှင့် ချိတ်ဆက်ပေးခြင်း၊ မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးများ ဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သော အကူအညီများရရှိရန် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖြစ်ရပ်စုစုပေါင်း ၆၅၆၉ ခုအားဖြေရှင်းကူညီ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အထိ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေး ၁၀၁၅ ဦးအတွက် ငွေကျပ်သန်း ၁၃၀ ဒသမ ၃၉၀ ထောက်ပံ့ပေးပြီးဖြစ်ပါသည်။

**ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ**

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ၏ မဏ္ဍိုင်ကြီးသုံးရပ်အနက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း(ASEAN Socio-Culture Community-ASCC) အောက်တွင်အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေး (ASEAN Senior Officials Meeting on Social Welfare and Development- SOMSWD)၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ (ASEAN Committee on Women - ACW) နှင့် အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် (ASEAN Commission on Promotion and Protection of the Rights of Women and Children - ACWC)တို့ကို Focal Point အဖြစ် ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့်မိန်းကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေးအတွက် အာဆီယံထိပ်သီးအစည်းအဝေးအသီးသီး၌ အတည်ပြုခဲ့သည့် Regional Plan of Action on Elimination of Violence Against Children in ASEAN (RPA-EVAC)၊ Regional Plan of Action on the Rights of Children in the Context of Migration(RPA-CCM)နှင့် Regional Plan of Action on the Protection of Children from all Forms of Online Exploitation and Abuse in ASEAN(RPA-COEA)တို့အား အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ လိုက်နာဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် အနာဂတ်လူ့အဖွဲ့အစည်းအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ကလေးသူငယ်အခွင့်အရေးများအား လေးစားလိုက်နာသော လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်း၍ တည်ငြိမ်သော အသိုက်အဝန်းတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်ပေးခြင်းနှင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းတစ်ခု ဖြစ်လာစေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများအား သိရှိစေရန်၊ မိမိကိုယ်မိမိ ကာကွယ်တတ်စေရန်၊ မိမိမကြိုက်သော အပြုအမူများအား သူတစ်ပါးက ပြုမူလျှင် မည်သို့တုံ့ပြန် ဆောင်ရွက်ရမည်ကို သိရှိစေရန် လက်ဦးဆရာဖြစ်သော မိဘများ၊ ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ကလေးများ၏အခွင့်အရေး ဖြည့်ဆည်းပေးရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကလေးများနေ့အား နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

ယခုနှစ် ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်မှာ For Every Child, Every Right ဖြစ်ရာ ကလေးသူငယ်များအားလုံး အခွင့်အရေးများ ရရှိခံစားနိုင်စေရေး ဖော်ဆောင်ပေးရန် လမ်းညွှန်ချက်တစ်ခုပင် ဖြစ်သည်။ ထိုလမ်းညွှန်ချက်နှင့်အညီ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကလေးသူငယ်အခွင့်အရေး ဖော်ဆောင်ပေးရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ မိဘ၊ ရပ်ရွာလူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဘက်အဖွဲ့အစည်းများ (CSOs)အားလုံး လက်တွဲပူးပေါင်း၍ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားချက်**

- Background | World Children's Day | United Nations
- United Nations Convention on the Rights of the Child(UNCRC)(1989)
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉)
- လူမှုဝန်ထမ်းဦးစီးဌာန၏ CRC ဆိုင်ရာ အချက်အလက်များ
- လူမှုဝန်ထမ်းဦးစီးဌာန၏ Case Management ဆိုင်ရာ အချက်အလက်များ

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံခဲ့ရသော ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလအား ထပ်ဆင့်ဂုဏ်ပြုပူဇော်မည်

ပြည် နိုဝင်ဘာ ၁၆

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)ဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းခံခဲ့ရသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ မဟာထေရ်မြတ်အား ထပ်ဆင့်ဂုဏ်ပြုသည့် ဂုဏာဝိသိဋ္ဌပူဇာ မဟာမင်္ဂလာအခမ်းအနားကို တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ တပည့်သံဃာတော်များ၊ မြို့ပေါ်နှင့် တိုက်တွင်းရှိ တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာသုခဇောတိက သုံးထပ်ကျောင်းတော်ကြီး (အလယ်ထပ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ နယ်အသီးသီးမှ ရပ်ဝေးသံဃာတော်များ အကြောင်းအမျိုးမျိုးကြောင့် ပင့်စာမရောက်ရှိပါကလည်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။

မောင်ရွှေဝင်း (ပြည်)

## "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်သစ်ကို အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် "ချစ်သူရည်းစားများတာ ကောင်းတယ်"၊ "ချစ်သူရည်းစားများတာ မကောင်းဘူး" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ လူငယ်အမျိုးသားများ ဖြစ်ကြသည့် နေသူရနှင့် စောဒယ်နီရယ်တို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ နိုဝင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မိုင်းယောင်းမြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး



မိုင်းယောင်း နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ဒီဇယ်မီးစက်များဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒီဇယ်မီးစက်များဖြင့် မိုင်းယောင်းမြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့်ပတ်သက်၍ ခွင့်ပြုပေးထားသည့်ဆီ၊ တစ်ရက်သုံးဆီ၊ တစ်လသုံးဆီ၊ မြေပြင်ရောက်ရှိ သုံးစွဲဖြန့်ဝေပေးမှု နှိုင်းယှဉ်ချက်များကို နိုဝင်ဘာ ၁၅ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thiri Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ် (၅၂) ရပ်ကွက်နေ သီရိဝင်းအား နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ "Nyein Nyein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းကျေးရွာနေ ငြိမ်းဝေဠု (ခ)ကုလားအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ "အရှင်ဝဏ္ဏသာမိ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ တပ်ဦးဆုတောင်းပြည့် ဘုန်းကြီးကျောင်းနေ ဦးဇင်းဝဏ္ဏသာမိ (ခ)အောင်ရွှေဦး အား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Kaira Nge" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ငယ်ငယ်အောင်နှင့် "Hnin Ei Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ နှင်းအိဝေ တို့အား ည ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ – ၁၁ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၇၀၆ | ၆၀၇၁၆၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၅၂၆ | ၁၅၂၅၄၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၁၅၀၁ | ၁၈၃၂၇၁၀၀ |
| FPB | ၁၆၅၀ | ၁၆၀၀ | ၅၈၆၉ | ၉၃၉၃၁၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂ | ၄၈၀၀ |
| EFR | ၂၀၀၀ | ၁၉၅၀ | ၆၁၈ | ၁၂၀၇၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၈၉၄ | ၁၅၂၀၀၅၀ |

ညီညီ – စုစည်းသည်

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာကွက်၊ ကွင်းအမှတ်(၃၆/၁)၊ ဦးပိုင်အမှတ် (၇၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မူလက ဦးညွန့်အောင် အမည်ဖြင့်ခရိုင် အမှုတွဲအမှတ်၊ ၃၈(၃)၂၀၀၉-၂၀၁၀ အရ ၁၂-၂-၂၀၁၉ ရက်ထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးညွန့်အောင်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီး ဒေါ်ခင်တင့် ၁/မကန(နိုင်)၀၃၁၁၄၃ က(၈-၉-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၁၂/၂၀၂၃) အရအမွေဆက်ခံပိုင်ဆိုင် ခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်တင့် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ တိုက်အမှတ်(၃၆၇/ခ)၊ တတိယထပ်(၄)လွှာ၊ (12' x 50') Aircon 1 လုံးပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးသဉ္ဇာလတ် ၁၂/ဗဟန(နိုင်)၀၇၇၂၃၄ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးသူဇာ**
**၁၂/ဥကတ(နိုင်)၁၉၂၆၇၃**
**ဖုန်း-၀၉-၆၈၉၀၉၇၆၃၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၄-ရပ်ကွက်၊ ရွှေဝါထွန်း(၂)လမ်း၊ အိမ်အမှတ်(၂၇၉) နေထိုင်သူ ဦးမျိုးညီညီ ၅/ရဘန(နိုင်) ၁၈၀၈၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၄-ရပ်ကွက်၊ ရွှေဝါထွန်း(၂)လမ်း၊ အိမ်အမှတ်(၂၇၉) မြေအကျယ်(၁၀' x ၆၀')ပေကို ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ(၂၀၁၇)ခုနှစ်တွင် ဦးမာမွတ်ဇူဘိုရ်ထံမှ ဝယ်ယူပြီး နေထိုင်သည်မှာ ယနေ့အချိန်ထိ နေထိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါအိမ်ခြံမြေ၏ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်မူရင်းများမှာ ကျွန်ုပ်မိတ်ဆွေ၏ဇနီး ယူဆောင်သွား ကြောင်းကို ၂၀၁၈ ခုနှစ်တွင် သတင်းစာကြော်ငြာခဲ့ပါသည်။ ၁၂-၁၁-၂၀၂၃ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်မြင့်မြင့်သန်းကို (၁၀' x ၆၀')ပေမြေနှင့် အိမ်တစ်လုံးကို ရောင်းချခဲ့ခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြဿနာကို ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မိုးလွင် (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၇၈)**
**အမှတ်(၁၈၂)မင်းနန္ဒာလမ်း(၂၃)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၅၆၂၆၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၇

ဒေါ်တော်ပိုဒယ်ဆီး **နှင့်** ဦးမရစ်ဘရန်နန်
**(တရားလို)** **(တရားပြိုင်)**

မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်၊ အမှတ်(၅/၃၃၈)နေ ဦးမရစ်ဘရန်နန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တော်ပိုဒယ်ဆီးက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကိုကို)**
**ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသဇင်ပွင့်ဖြူ ၁၂/သလန(နိုင်)၁၆၃၆၂၂ ၏ ပတ်စ်ပို့နံပါတ် (MG 818837) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၁၁၇၃၂၂**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ အထက (ဆီအုန်း) G-5(A) မှ ဦးခင်မောင်တိုး၏သမီး မအိမ့်မြတ်ဖူးခင်အား မအိမ့်မြတ်သောခင်ဟု ပြောင်းလဲခေါ်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် (ဃ-၂)၊ ဦးပိုင်အမှတ် ၁၆၈(ခဲစင်း)၊ ၆၂ x ၆၄ လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဒေါ်ရီရီကျင် အမည်ပေါက်ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ရီရီကျင်(ခ)ဒေါ်ရီရီကြင်(ခ)ဒေါ်ရီရီ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၂၂၀၂/၂၀၂၃ ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအောင်ကြီးမြင့် ၉/မနတ(နိုင်)၀၆၉၀၃၇ က အမှုတွဲအမှတ် ၅၄၆၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ (ကွင်းအမှတ်(၃၃/၃)၊ ဦးပိုင်အမှတ်(၁၀၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ချမ်းလောမ့် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၀၈၆/V၂၀၁၁-၂၀၁၂ အရ ၆-၅-၂၀၂၈ ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ချမ်းလောမ့် (၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြန်ဆွေ)က ၈-၅-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၁၄/၂၀၂၃) အရ ဒေါ်ယဉ်ယဉ် ၁/မကန(နိုင်)၀၁၀၆၇၂ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ယဉ်ယဉ်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက် သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ် (၉၄+၉၅)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်သူဇာဝေ ၁/မကန(နိုင်)၀၂၂၁၃၅ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၆၈၈(၃)၂၀၀၂-၂၀၀၃ အရ (၃၀-၆-၂၀၂၁)ရက်နေ့ထိ နှစ်(၃၀) (မူလဂရန် သက်တမ်းအတိုင်း) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဒေါ်သူဇာဝေက ၎င်း၏သားဖြစ်သူ ဦးတိုးတိုး(ခ)တိုးရန် ၁/မကန(ပြု) ၀၀၀၅၄၄ အမည်အားပူးတွဲ၍ ဒေါ်သူဇာဝေပါ (၂)ဦး အမည်ဖြင့် မြေငှားဂရန် (အမည်ဖြည့်စွက်/အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၃)၊ ဦးပိုင်အမှတ်(၅၆-ခ)၊ ၁၁၄ x၁၁၅ လမ်းကြား၊ ၆၀.Bလမ်း x ၆၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းလှ၏(SPရသူ ဒေါ်သင်းသင်း) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၄၆၁/၂၀၂၀)ဖြင့် ဒေါ်နှင်းနှင်းထွေးက ဝယ်ယူခဲ့ပြီး ဒေါ်နှင်းနှင်းထွေး၏ (SPရသူ ဦးပြည့်စုံချင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၃၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်မေ ၉/မရတ(နိုင်)၀၃၆၁၀၀၀က အမှုတွဲအမှတ် ၅၄၄၅/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ်၉၇(ခဲစင်း)၊ ၆၇ x ၆၈ လမ်းကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးမြသိန်းအမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးမြသိန်း၊ (မိခင်) ဒေါ်အေးမတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၇၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ချို ၉/အမရ(နိုင်)၀၄၃၄၀၂၏ (GPရ သူ ဦးဟိန်းသက်စံ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၄၅၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ် ၁၆၈(ခဲစင်း)၊ ၆၂ x ၆၄ လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ ဒေါ်ရီရီကျင်အမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ရီရီကျင် (ခ) ဒေါ်ရီရီကြင် (ခ) ဒေါ်ရီရီ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၀၂/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအောင်ကြီးမြင့် ၉/မနတ(နိုင်)၀၆၉၀၃၇၏ (SP ရသူ ဒေါ်သန့်သန့်ဇင်)က အမှုတွဲအမှတ် ၅၄၆၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ဟသ်ာတမြို့၊ ရုံးကြီးရပ်ကွက် ဦးရွှေဒွေးလမ်းနေ (ဘ)ဦးရွှေ၏သား ဦးသိန်းလွင် ၁၄/အဂပ(နိုင်)၀၈၆၄၉၁ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၀၁၁၀၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/1446 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/90524 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးညိမ်းချမ်းအောင် ၁၄/ဟသတ(နိုင်)၃၂၆၉၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/7431 Toyota Corolla Fielder, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၇/လပတ(နိုင်)၁၃၀၂၀၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/6064 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝိုနအင်းလျန် ၄/တတန(နိုင်)၀၄၃၁၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/5004 Toyota Corolla, Station Wagon ယာဉ်လက်ဝယ်ရှိ ဦးသန်းအောင် ၇/လပတ(နိုင်)၁၃၀၂၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ် ၉၇(ခဲစင်း)၊ ၆၇ x ၆၈ လမ်းကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ ဦးမြသိန်းအမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးမြသိန်း၊ (မိခင်) ဒေါ်အေးမတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၁၇၆/၂၀၂၃)ဖြင့်အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ချို ၉/အမရ(နိုင်)၀၄၃၄၀၂၏ (GP ရသူ ဦးဟိန်းသက်စံ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၄၅၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ ဦးပိုင်ခွဲ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (နန-၇)၊ ဦးပိုင်အမှတ်(၆၃)၊ ၆၃ x ၆၄ လမ်းကြား၊ မင်္ဂလာလမ်းနှင့် စံပြလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးပြေငြိမ်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၀၃၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းသော် ၉/မနတ(နိုင်)၀၈၅၉၇၇၏ (GPရသူ ဦးတင်မောင်ဆွေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၅၄၅၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၂၊ ဦးပိုင်အမှတ်(၃၁)/ ၇၂.B လမ်း၊ ၁၁၇ လမ်း x ၁၁၈ လမ်းကြား မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၃၁၃/၉၁-၉၂)အရ ဦးဉာဏ် AE-၂၂၃၃၉ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်မြင့်ကြည် ၉/မနတ(နိုင်)၀၉၃၄၉၆ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ မကြီးကြီးနှင့်ငှက်ပျောတောလမ်းထောင့်၊ အမှတ်(၅၇)တွင် (၁)ခန်းတည်း (၈)ထပ်တိုက် အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင် ဦးကျန်ကာခင်(ခ)ဦးအောင်ကျော်လတ်၊ လိုင်စင်ရကန်ထရိုက်တာ ဦးရန်နောင်စိုး(LC-396)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးကျော်စိုးမြင့် (RSE-0168)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၂-၇-၂၀၁၉ရက်စွဲပါစာအမှတ်၊၂၃၁၈/ ၂၃၁၇/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီး မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်မြတ်တိုးလှုံမေ(RSE-3778)ဖြင့် ပြောင်းလဲ၍ ၂၂-၃-၂၀၂၃ရက်စွဲပါ စာအမှတ်၊ ၂၃၁၈/ ၃၁၉/ စည်ပင်-ယာ(အုံ)ဖြင့် သက်တမ်းတိုးခွင့်ပြုပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးရန်နောင်စိုး (LC-396)မှ လိုင်စင်ရကန်ထရိုက်တာ ဦးမျိုးမြင့်(LC-531)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဗိုလ်ရှိန် ၁၂/ဒပန(နိုင်)၀၃၁၆၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၁၆၇၊ မြေကွက်အမှတ်-၃၃၊ (တစ်နည်းအားဖြင့်) သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ နီလာ(၁)လမ်း၊ အမှတ်-၃၃၊ အလျား ၇၁ပေ x အနံ ၈၀ပေရှိ ဦးဝင်းထွန်း MMN-၅၃၉၁၅၃ (၁၂/ဒဂန(နိုင်)၀၁၀၂၉၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာကြောင်း ၎င်းတစ်ဦးတည်းသာလျှင် လိုအပ်သလိုစီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးသန်းထွန်းဝင်း ၁၁/စတန(နိုင်) ၀၆၂၆၃၆ မှ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား အများသိရှိနိုင်ပါရန်နှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **ဒေါ်တင်ဇာမျိုး(LL.B)** |
| | **(စဉ်-၄၅၂၆၅/၂၀၁၄)** |
| | **ဒေါ်လွဲ့လွဲ့ဝင်းထူး(LL.B)** |
| | **(စဉ်-၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/60346, HONDA WAVE I125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၀/ပမန(နိုင်)၀၈၄၃၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၁၈၃၃၆, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာလွင် ၁၀/ကမရ(နိုင်) ၁၆၄၉၅၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊
ခရိုင်ရုံး(သထုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/78168 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းနန္ဒာဦး ၇/တငန(နိုင်) ၁၅၇၉၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၄၄၈၆, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲလှဲအေး ၆/လလန(နိုင်) ၁၁၄၀၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ Orchid Condo၊ အလုံလမ်း၊ တိုက်အမှတ် (၂၃၂)၊ အခန်းအမှတ် (၅၄)၊ (၅)လွှာတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဝေယံဖြိုး (၁၃/လရန(နိုင်)၁၈၅၈၉၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်ဝင်း (၁၂/မရက(နိုင်)၁၀၅၂၈၈)က အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ် တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၅၅၃) | (စဉ်-၁၃၂၈၆) |

တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## (၁၁-၉-၂၀၂၃)ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ -၂၃ပါ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ယုဇနလမ်းသွယ်၊ အမှတ်(၁၈)မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၃)ထပ်ခွဲတိုက်ရှိ ခေါင်းရင်းဘက်ခြမ်း(မြေညီထပ်နှင့်ပထမထပ်) နှင့်ပတ်သက်၍ ဒေါ်မာရီယာစော(ခ)စောယဉ်မင်းဦး ၁၁/စတန(နိုင်) ၀၅၃၅၁၇နှင့်အများသိစေရန် ကြေညာချက် ခေါင်းစဉ်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးမိုးမင်းဆွေ၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ် ၄၅/ဃ၁၊ (ယခုအခေါ်-အမှတ်(၁၁၈)၊ ယုဇနလမ်းသွယ်၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်) ဟုခေါ်တွင်သော ဒေါ်လီဘိုနီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၅)ထပ်တိုက်အနက် (၁၅x၅၀)ပေအကျယ်ရှိ မြေညီထပ်(ခေါင်းရင်းဘက်အခြမ်း) တိုက်ခန်း အား ဦးအောင်မျိုးဦးက (၂၂-၁၁-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေနှင့် တိုက်ခန်းလွှဲပြောင်းရောင်းချခြင်းကတိစာချုပ် ဖြင့်လည်းကောင်း၊ ပထမထပ်( ခေါင်းရင်းဘက်အခြမ်း) တိုက်ခန်းအား ဦးထွန်းတင်က (၁၆-၂-၂၀၂၃)ရက်နေ့က နှစ်ဦးသဘောတူအိမ်ခြံမြေနှင့်တိုက်ခန်းလွှဲပြောင်း ရောင်းချခြင်းကတိစာချုပ် ဖြင့်လည်းကောင်း၊ ဒေါ်လီဘိုနီ ၁၂/စခန(နိုင်)၀၂၈၄၁၄ ထံမှ ဝယ်ယူ၍ ထိုသို့ ဝယ်ယူသည့်အချိန်ကတည်းက အဆိုပါ တိုက်ခန်းအား အလွတ်အနေအထားအတိုင်း လက်ရောက်ရရှိခဲ့ပြီး ယနေ့တိုင် လက်ဝယ်ထားနေထိုင် အကျိုးခံစားလျက်ရှိပါသည်။ ထို့ပြင် အရောင်းအဝယ်ပြုလုပ်ရာ၌ ရရှိသည့် မြေပိုင်ဆိုင်မှု အထောက်အထားများ သက်ဆိုင်ရာ ရုံး၌ာန စာရွက်စာတမ်းများအရ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်ခန်းများ၏ ကန်ထရိုက်တာမှာ ဦးစိုင်းအောင်ဟန်မဟုတ်ဘဲ လိုင်စင်ရကန်ထရိုက်တာ ဦးဗိုလ်ဝင်း (LC-၉၃၉)သာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများအနေဖြင့် ဒေါ်မာရီယာစော(ခ) စောယဉ်မင်းဦးနှင့်လည်း သိရှိခြင်း/ဆွေမျိုးတော်စပ်ခြင်းလည်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေများသည် ဥပဒေမဲ့ကျူးကျော်ဝင်ရောက်နေထိုင်သူများမဟုတ်ဘဲ ဥပဒေနှင့်အညီ အဖိုးစားနားပေး၍ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်ခြင်း ဖြစ်ကြောင်း ဦးစိုင်းအောင်ဟန်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးထွန်းတင်နှင့် ဦးအောင်မျိုးဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်မောင်(LL.B,D.B.L)** | **ဒေါ်စန္ဒာဝင်း(LL.B)** | **ဒေါ်မြတ်ဆုဝေ(LL.B,D.B.L)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၃၈၅၈) | (စဉ်-၁၆၄၇၄) | (စဉ်-၁၆၅၁၁) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း)၊ (၈) မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၅၀၃၉၈၄၁၁၊ ၀၉-၇၉၅၅၈၅၈၅၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်ရှိ သိုလှောင်ရုံအမှတ်-၄ (၁၂၀'x၅၀'x၁၅') (သွပ်၊ သွပ်၊ ကွန်) သိုလှောင်ရုံအား (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆို၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၆-၁၁-၂၀၂၃ ရက်မှ ၂၉-၁၁-၂၀၂၃ ရက်ထိ |
| (ခ) | **တင်ဒါပိတ်မည့်နေ့/အချိန်** | - ၂၉-၁၁-၂၀၂၃ ရက် ညနေ(၁၆:၀၀)နာရီ |
| (ဂ) | **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** | - သတင်းစာတွင် ထပ်မံကြေညာမည်မဟုတ်ဘဲ တင်ဒါပုံစံဝယ်ယူထားသူများထံသို့ သီးခြား အကြောင်းကြားသွားမည် ဖြစ်ပါသည် |
| (ဃ) | **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်နေရာ၊အချိန်** | - ရုံးအမှတ်(၅၂)၊ နေပြည်တော် တင်ဒါယှဉ်ပြိုင်ရမည့်ရက်၏ နံနက် (၁၀:၃၀)နာရီ |
| (င) | **စာရင်းပေးသွင်းရမည့်နေရာ** | - ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (စ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| (ဆ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီးမြို့ |
| (ဇ) | **Deposit ပေးသွင်းနိုင်သည့်ဘဏ်** | - တင်ဒါစည်းကမ်းသတ်မှတ်ချက် ပုံစံတွင်ဖော်ပြပြီးဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်း ရပ်ကွက်ရှိ သိုရုံအမှတ်-၄ သိုလှောင်ရုံအား သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၉၃၊ ၀၉-၄၂၈၃၅၇၄၅၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/50426 Sawasdee 115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၄/ဝခမ(နိုင်)၃၃၂၈၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/26526 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းနောင် ၁၄/ငပတ(နိုင်)၁၄၉၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/7424, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၇/နတလ(နိုင်)၀၆၁၁၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊
ခရိုင်ရုံး(ပြည်) ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/57206, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူ ၇/နတလ(နိုင်)၀၉၇၂၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၃၂-နန္ဒဝန်၊ စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၂၆လမ်း-၆၊ ၈)၊ ဧရိယာ ၀.၂၂၀ဧကရှိမြေအား အမှုတွဲအမှတ် ၁၄၉၉/၁၉၉၂-၁၉၉၃အရ ဒေါ်သိန်းတင်အမည်ဖြင့် (၁၇-၁၁-၁၉၉၃)မှ ၁၆-၁၁-၂၀၂၃ ထိ နှစ် ၃၀ မြေငှားစာချုပ်နှင့် အမှုတွဲအမှတ် ၁၅၀၁/၁၉၉၂-၁၉၉၃အရ ဒေါ်မြင့်မြင့်မာအမည်ဖြင့် ၁၇-၁၁-၁၉၉၃မှ ၁၆-၁၁-၂၀၂၃ ထိ နှစ် ၃၀ မြေငှားစာချုပ်တို့အား 222 V RP 2020-2021 အရ ဦးသိန်းသောင်းထွန်းအမည်ဖြင့် ၂-၆-၂၀၂၂ရက်မှစ၍ အမည်ပြောင်းချထားပေးသောမြေကွက်အား ဦးသိန်းသောင်းထွန်းအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်း မျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၀/ပိတောက်ပင်ကွင်း)၊ ဦးပိုင်အမှတ် (၇၀/၇၁)၊ ဧရိယာ (၀.၇၁၇)ဧကရှိမြေအား အမှုတွဲအမှတ်၂၈၈/၁၉၉၃အရ ဦးကျော်မြင့်၊ ဒေါ်ကြင်ကြင်အေး အမည်ဖြင့် (၂၁-၁၂-၁၉၉၃)မှ (၂၀-၁၂-၂၀၂၃)ထိ ရရှိထားသော နှစ် ၃၀ မြေငှားစာချုပ် ပျောက်ဆုံးသဖြင့် အမှုတွဲအမှတ် ၃၀၉ V ၂၀၁၄-၂၀၁၅ အရ ဦးကျော်မြင့်၊ ဒေါ်ကြင်ကြင်အေးအမည်ဖြင့် (၁၇-၃-၂၀၁၅)ရက်တွင် မြေငှားစာချုပ် မိတ္တူထပ်မံထုတ်ပေးထားသော မြေကွက်အား ဦးကျော်မြင့်၊ ဒေါ်ကြင်ကြင်အေးအမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာ ချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် ထပ်မံဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**(က) ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | သွေးသွင်းကုသခြင်းဆိုင်ရာဆေးပညာဒီပလိုမာ Dip.Med.Sc(Transfusion Medicine) | ၁ နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ) M.Med.Sc(Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ) M.Med.Sc(Biochemistry) | ၂ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) M.Med.Sc(Microbiology) | ၃ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) M.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ) M.Med.Sc(Nuclear Medicine) | ၃ နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) M.Med.Sc(Thoracic Surgery) | ၃ နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) M.Med.Sc(Cardiovascular Surgery) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(မှတ်ချက်- **ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဥပဒေရေးရာဆေးပညာနှင့် အဏုမြူရောင်ခြည်ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်)။
(င) လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အသက်(၄၅)နှစ်နှင့် ဒီပလိုမာသင်တန်းများအတွက် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(စ) **သွေးသွင်းကုသခြင်းဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း**အတွက် ဆေးပညာဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)ဘွဲ့ရရှိထားသူများ ဖြစ်ရမည်။
(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၁၁-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင် ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၅-၁၂-၂၀၂၃)ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက် အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁၈-၃၈၂၄၈၅၊ ၀၁၈-၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက ယိုးဒယားတက် Grade-12 (STEAMS-1)မှ မနိုးနိုးငြိမ်းကို၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၁၄/ကကန(နိုင်)ဝ၈၅ဝ၃၉ ဖြစ် ပါကြောင်း။

**ဦးချစ်ကိုကို**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်းမြို့နေ ဦးအောင်သူရ၏သား ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အထက ပုတီးကုန်း Grade-III တွင် ပညာသင်ကြားနေသော မောင်လဝန်းရံ၏ အမည်မှန်မှာ မောင်ထွဋ်ထိပ်ခန့် ဖြစ်ပါကြောင်း။

**မောင်ထွဋ်ထိပ်ခန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၂၃ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာတွင် ဖော်ပြပါရှိသည့် မြေဧရိယာ ၀.၀၄ ဧကအား မြေဧရိယာ ၀.၄၀ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2P/7225 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1S/7159, Suzuki Ertiga Station Wagon(4x2)L ယာဉ်လက်ဝယ်ရှိသူ Vent D'est Pathein Clothing Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၂၀)
## ပြည်ခရိုင်တရားရုံး
## ၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၄

| | | |
|---|---|---|
| ဒေါ်တင်တင်အေး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်မာလွင်) | **နှင့်** | ၁။ ဒေါ်ဥမ္မာထွန်း<br>၂။ ဒေါ်လွင်မာညွန့်<br>၃။ ဒေါ်နုနုလွင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာ (၆) ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်၅၇၀နေ ဒေါ်ဥမ္မာညွန့်နှင့် အတူနေ ညီအစ်မဖြစ်သူ ဒေါ်လွင်မာညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

